ကြေးမုံ
The Mirror Daily
Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ စနေနေ့။ Saturday, 7 September 2019 ၉၇၆၅

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး Mr. Pehin Orang Kaya Seri Pahlawan Colonel (Rtd.) Dato Paduka Haji Abdu΄r Rahmani bin Dato Paduka Haji Basir အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး **Mr. Pehin Orang Kaya Seri Pahlawan Colonel (Rtd.) Dato Paduka Haji Abdu΄r Rahmani bin Dato Paduka Haji Basir** အား လက်ခံတွေ့ဆုံစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**ငွေရေး ကြေးရေး တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး**

စာမျက်နှာ » ၃

**ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄

**ကျိုက်ထို၌ ရေများပြန်လည်ကျဆင်း၍ ရထားများ ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာ**

စာမျက်နှာ » ၈

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘွဲ့ရကျောင်းသား ကျောင်းသူများ တစ်နှစ်လျှင် ရာခိုင်နှုန်း ၈၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းများရရှိ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အနေဖြင့် တစ်နှစ်လျှင် ဘွဲ့ရကျောင်းသား ကျောင်းသူ ၄၅၀ ခန့် မွေးထုတ်ပေးလျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ရာခိုင်နှုန်းအနေဖြင့် တစ်နှစ်လျှင် ကျောင်းသား ကျောင်းသူ ရာခိုင်နှုန်း ၈၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ပြုလုပ်သည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားကျောင်းသူများ အလုပ်သင်ဆင်းခဲ့သည့် စီးပွားရေးလုပ်ငန်းစုများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ပါမောက္ခချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

**အလုပ်တွေရကြ**

"အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား မေဂျာတွေကတော့ ရာခိုင်နှုန်း ၁၀၀ နီးပါး အလုပ်တွေရသွားကြပါပြီ။ တခြားမေဂျာတွေအနေနဲ့ကတော့ ဘွဲ့နှင်းသဘင် ကျင်းပပြီးတာနဲ့ အနည်းဆုံး ၆၇ ရာခိုင်နှုန်းလောက် အလုပ်ရပါတယ်။

"တစ်နှစ်ကို ပုံမှန် ကျောင်းသား ကျောင်းသူ ၄၅၀ မွေးထုတ်ပေးပါတယ်။ ရာခိုင်နှုန်းနဲ့ဆိုရင် တစ်နှစ်ကို ၈၀ ကျော် အလုပ်ရကြပါတယ်။ ခရီးသွားလုပ်ငန်းတွေ၊ ဟိုတယ်တွေ၊ စီးပွားရေးလုပ်ငန်းခွင်တွေမှာ ရကြတာများပါတယ်"ဟု ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍



ကြေးမုံ

## နည်းပညာနှင့်သက်မွေးပညာများသင်ကြား

ယနေ့လူငယ်လူရွယ်များသည် ၎င်းတို့၏အဓိကလိုအပ်ချက်ဖြစ်သည့် အလုပ်အကိုင်ရရှိရေးအတွက် ဆိုင်ရာဆိုင်ရာပညာရပ်များကို သင်ကြားနေကြသည်။ အစိုးရဌာနတွင်ဖြစ်စေ၊ ပြင်ပပုဂ္ဂလိကတွင်ဖြစ်စေ အလုပ်အကိုင်ရရှိရေးသာမက ဝင်ငွေရလမ်းကောင်းမွန်သောအလုပ်များ လုပ်ကိုင်နိုင်ရန်အတွက် သက်ဆိုင်ရာဘာသာရပ်အမျိုးမျိုးတို့ကို ရွေးချယ်သင်ယူနေကြသည်။

ယနေ့ခေတ်တွင် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာရပ်များသည် အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းရေး၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပြီဖြစ်သည်။ နည်းပညာကဏ္ဍတွင် Artificial Intelligence(AI)နှင့် Internet of Things(IOT)တို့နှင့် ချိတ်ဆက်ပေါင်းစပ်သင်ကြားလေ့ကျင့်ခြင်းဖြင့် ဝင်ငွေကောင်းမွန်သည့် အခွင့်အလမ်းများ ရရှိနိုင်သည်။ သက်မွေးကဏ္ဍတွင် ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းများ တက်ရောက်နိုင်သည်။

အစိုးရအနေဖြင့် နည်းပညာနှင့်သက်မွေးပညာရေးကို ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး ပထမတန်းစားပညာရေးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားစသည့် နိုင်ငံအဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံတွင် နည်းပညာနှင့်သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆင့်မြင့်ပညာကို သင်ယူနိုင်ခြင်းမရှိသော မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် စိတ်ပျက်အားငယ်စရာမရှိဘဲ နည်းပညာနှင့်သက်မွေးပညာများအား ဆက်လက်သင်ယူနိုင်သည့်အခွင့်အလမ်းကောင်းများ ယနေ့ရရှိနေပြီဖြစ်သည်။

နည်းပညာ၊ သက်မွေးပညာလေ့ကျင့်ရေးဦးစီးဌာနက နည်းပညာနှင့် သက်မွေးပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တစ်နိုင်ငံလုံးတွင် အစိုးရနည်းပညာကောလိပ်သုံးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၅ ကျောင်းနှင့် သက်မွေးပညာသင်ကျောင်း ငါးကျောင်း စုစုပေါင်း ၆၅ ကျောင်းတွင် ပုံမှန်သင်တန်းများအပြင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် သက်မွေးပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာဖွံ့ဖြိုးရေး၊ တတ်ကျွမ်းရေးသည် အဓိကကျသော အချက်ဖြစ်သည်။ မည်သည့်ထုတ်ကုန်မျိုးကိုမဆို ခေတ်မီနည်းစနစ်၊ ခေတ်မီနည်းပညာ မပါဝင်ပါက အချည်းနှီးပင်ဖြစ်မည်။ မြန်မာနိုင်ငံတွင် ကုန်ထုတ်အရင်းအနှီးအရင်းအမြစ်၊ လူသားအရင်းအမြစ်များ အမြောက်အမြားရှိသော်လည်း အခြားနိုင်ငံများမှ ထုတ်ကုန်များကိုသာ မှီခိုအားထားနေရခြင်းသည် နည်းပညာလိုအပ်ချက်ကြောင့်ဖြစ်သည်။ နည်းပညာလိုအပ်ချက်ရှိလျှင် ထုတ်ကုန်အရည်အသွေးနိမ့်ကျပြီး ဈေးကွက်မဝင်ဘဲ ဖွံ့ဖြိုးမှုကျန်ရစ်မည်ဖြစ်သည်။

လက်ရှိတွင် ပြည်တွင်း၌ ကျွမ်းကျင်လုပ်သားရှားပါးမှု ပြဿနာနှင့်ကြုံတွေ့နေရသလို တစ်ဖက်တွင်လည်း ဝင်ငွေကောင်းသော၊ ဝင်ငွေကောင်းမွန်သော အလုပ်အကိုင်ရှားပါးမှုများနှင့်လည်း ကြုံတွေ့နေရသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ ပူးတွဲဖက်စပ် ကာလတို၊ ကာလရှည်ဖွင့်ပေးလျက်ရှိသည့် နည်းပညာနှင့် သက်မွေးပညာသင်တန်းများသည် မြန်မာနိုင်ငံတွင် ကျွမ်းကျင်သူများပေါ်ထွန်းရေးအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်သည်။ ထိုသင်တန်းများအနေဖြင့် အလုပ်အကိုင် အသီးသီးတွင် လုံလောက်သည့် အသိပညာ၊ ခံယူချက်နှင့်အရည်အချင်း ပြည့်ဝစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး သက်မွေးပညာရပ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျွမ်းကျင်သည့်လုပ်သားဈေးကွက်ကိုလည်း ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မိတ်ဆွေနိုင်ငံများ၏အကူအညီများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသော မျက်မှောက်ကာလတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာပြီဖြစ်၍ အဆင့်မြင့်ပညာသင်ယူနိုင်သည်ဖြစ်စေ၊ မသင်ယူနိုင်သည်ဖြစ်စေ နည်းပညာနှင့်သက်မွေးဝမ်းကျောင်းပညာရပ်များကို ကျွမ်းကျင်စွာသင်ကြားလေ့လာထားခြင်းအားဖြင့် အလုပ်အကိုင်လည်းရ၊ တိုင်းပြည်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုများတွင်လည်း အထောက်အပံ့ကောင်းများ ရရှိဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရန်ကုန်မြို့၌ မော်တော်ယာဉ်စက်ပြင်ကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**

နည်းပညာအဆင့်အတန်း မြင့်မားလာမှုကို အမီလိုက်နိုင်စေရန်နှင့် အာဆီယံနိုင်ငံများနှင့်အပြိုင် ကျွမ်းကျင်မှုလုပ်သားများ မွေးထုတ်နိုင်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) က ကြီးမှူး၍ Top Mechanic Challenge 2019 ဟု အမည်ပေးထားသည့် မော်တော်ယာဉ် စက်ပြင်ကျွမ်းကျင်မှုပြိုင်ပွဲကြီးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Myanmar Expo (Fortune Plaza) ၌ ကျင်းပသည်။




"ကျွန်တော်တို့ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေနဲ့ ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ လုပ်သားကျွမ်းကျင်မှုဆိုင်ရာ ဥပဒေအရ ပြည်တွင်းမှာရော ပြည်ပမှာပါ လုပ်သားများကျွမ်းကျင်မှုပြိုင်ပွဲတွေ ပြုလုပ်ပေးရမယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီနေ့ကတော့ Top Mechanic Challenge လို့ အမည်ပေးထားတဲ့ မော်တော်ယာဉ်ကျွမ်းကျင်မှုပြိုင်ပွဲကြီးကို ရန်ကုန်မြို့မှာ ပြုလုပ်ခြင်းဖြစ်ပါတယ်။ မန္တလေးမြို့မှာတော့ ဒီပြိုင်ပွဲကိုပြုလုပ်ပြီးဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောသည်။

### သတ်မှတ်ကျင်းပ

အဆိုပါ မော်တော်ယာဉ်စက်ပြင်ကျွမ်းကျင်မှုပြိုင်ပွဲတွင် အဖွဲ့ ၁၃ ဖွဲ့မှ တစ်ဖွဲ့လျှင်နှစ်ဦးနှုန်းဖြင့် ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲမှ ပထမ၊ ဒုတိယနှင့် တတိယရသူများကို နိုင်ငံအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များမှာ အသက် ၂၁ နှစ်အောက် သတ်မှတ်ထားကြောင်း၊ ၎င်းဆုရလူငယ်များအနေဖြင့် မန္တလေးမြို့ပြိုင်ပွဲမှ ဆုရလူငယ်များနှင့် နိုင်ငံအဆင့်ပြိုင်ပွဲကြီးသို့ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအဆင့်ဆုရသူများကို အာဆီယံအဆင့် ကျွမ်းကျင်မှုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အာဆီယံတွင် အသက် ၂၂ နှစ် သတ်မှတ်ထား၍ ယခုပြိုင်ပွဲကို အသက် ၂၁ နှစ်အောက် သတ်မှတ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

### မွေးထုတ်သွားမည်

နည်းပညာမြင့်မားလာမှုကြောင့် မော်တော်ယာဉ်စက်ပြင်လုပ်ငန်းများတွင် နည်းပညာကို အမီလိုက်နိုင်သော လူငယ်ပညာရှင်များ လိုအပ်လာသည်။ ယခုအခါ မြန်မာနိုင်ငံလုပ်သားများ စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် မော်တော်ယာဉ်စက်ပြင် ကျွမ်းကျင်မှု Level 1 နှင့် 2 ကို စစ်ဆေးနိုင်ပြီဖြစ်ကြောင်း၊ Level 3 နှင့် 4 ကို စစ်ဆေးနိုင်အောင်လည်း JICA နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကြီးကြပ်ရေးမှူးအဆင့်ပညာရှင်များ မွေးထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# နမ္မတူမြို့နယ်လုံး အားထားသောက်သုံးရသော ရေကန်ကြီးကြံ့ခိုင်ရေးနှင့် သန့်ရှင်းသောရေရရှိရေး ဆောင်ရွက်

**သီပေါ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် စည်ပင်သာယာရေးဌာနက မြို့ရေပေးရေးအတွက် တည်ဆောက်ထားသော မြို့နှင့်လေးမိုင်အကွာရှိ နမ္မလတောင်ကျချောင်းမှရေကို ရေစုကန်နှင့် ရေပိုက်လိုင်းများကို မိုးရာသီကာလအတွင်း တောင်ကျရေတိုက်စားမှု ခံနိုင်ရေးနှင့် ရေစုကန်ကြံ့ခိုင်ရေး အခြေအနေများကို စက်တင်ဘာ ၆ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ရေဝင်ရေထွက်ကောင်းမွန်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ နမ္မလချောင်းမှရေများကို ရေစုကန်မှတစ်ဆင့် ပိုက်လိုင်းများ သွယ်တန်း၍ နမ္မတူမြို့မှ တိုင်းရင်းသားပြည်သူများ အဓိက အားထားသောက်သုံးရသော ရေကန်ကြီးဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၁,၈၄၈ | ၂၁,၉၇၆,၀၀၀ |
| MTSH | ၄,၃၀၀ | ၄,၃၀၀ | ၂၂,၆၈၆ | ၉၈,၀၄၃,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၂၁ | ၁,၀၁၆,၄၀၀ |
| FPB | ၂၅,၀၀၀ | ၂၄,၅၀၀ | ၆၇၂ | ၁၆,၂၁၈,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၁၀၀ | ၂,၉၂၁ | ၈,၇၆၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၆**

ရန်ကုန်(ရွှေဈေး) ၁၂၆၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၆၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၂၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၉၅ ကျပ် | ၈၂၅/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၈.၁ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၈.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၇.၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၅၀.၅၀၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၁၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၄၆.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၇၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၇.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ငွေရေး ကြေးရေး တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် ဥပဒေရေးရာစွမ်းအင်မြှင့်တင်ရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၇)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂) ဦးအပါအဝင် အဖွဲ့ဝင် (၁၉)ဦးပါဝင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်သည့် အကြိမ်(၄၀)မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံပါလီမန်များအထွေထွေညီလာခံ တက်ရောက်မှုခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။



မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ သန်းအောင်စိုး



ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို

## ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေး

ထို့နောက် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်အခန်း၊ အပိုဒ်(၁၄) အပိုဒ်ခွဲ (က) စားသောက်ကုန်စည်များ ဇယားအမှတ်စဉ်(၈)တွင် ပြည်တွင်းလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရန်အတွက် သကြား၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုးနှင့် ဒိန်ချဉ်ဟူသည့် စကားရပ်တို့အား အသစ်ထပ်မံဖြည့်စွက်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုးဟု ဆိုထားသည်မှာ အဆင်ပြေသော်လည်း ဒိန်ချဉ်သည် နို့နှင့်နို့ထွက်ပစ္စည်းတွင် ပါဝင်မှုမရှိသည့် သဘောကို စဉ်းစားစရာဖြစ်နေပါကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းဆိုပါက လုံလောက်မည်ဟု ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ဥပဒေတစ်ခုသည် ပြဋ္ဌာန်းလိုက်ရုံဖြင့် မလုံလောက်ပါကြောင်း၊ လိုက်နာဆောင်ရွက်နိုင်သည့် အနေအထားရှိရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် မူလရည်ရွယ်ချက်၊ ရည်မှန်းချက်အောင်မြင်အောင် အထောက်အကူပြုနိုင်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း လတ်တလော အခွန်ငွေရရှိရန်ထက် နိုင်ငံ၏ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုနိုင်ရန်၊ အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် အခွင့်အလမ်းများဖော်ဆောင်ပေးရန်နှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်တို့ကို အလေးထားအကြံပြုပေးကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က အခန်း(၆) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဆ) တွင် ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေများအပေါ်တွင် လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း (၁ရာခိုင်နှုန်း)ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်ဆိုသည့် ပြဋ္ဌာန်းချက်ကို မိမိအနေဖြင့် (၃ရာခိုင်နှုန်း)ဟု ပြင်ဆင်သတ်မှတ်လိုပါကြောင်း၊ ထို့ပြင် မူလဥပဒေကြမ်းပါ အထူးကုန်စည်ဇယားအမှတ်စဉ် - ၈ (တ)တွင် အရက်အမျိုးမျိုး တစ်လီတာတန်ဖိုး ၁၅၀၀၀ ကျော်ပါက ၆၀ ရာခိုင်နှုန်းအစား ၂၆၀၀၀ နှင့်အထက် ၃၀ ရာခိုင်နှုန်းဟု လည်းကောင်း၊ အမှတ်စဉ် - ၉ တွင် ဘီယာအမျိုးမျိုးအား ၆၀ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းအဖြစ်လည်းကောင်း၊ အမှတ်စဉ် - ၁၀ (တ) တွင် ဝိုင်အမျိုးမျိုး တစ်လီတာတန်ဖိုး ၂၆၀၀၀ နှင့်အထက်ကို ၅၀ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းအဖြစ်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ ဖျာပုံ မဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)၊ ရွှာတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ဆိုင်ဟိန်း၊ စမ်းချောင်း မဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှဦးခင်မောင်မြင့်နှင့် ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းတို့က ဆက်လက် ဆွေးနွေးကြသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက ယခုအစီရင်ခံစာတွင် မြန်မာငွေတည်ငြိမ်ခိုင်မာရေးအတွက် ငွေကြေးမူဝါဒများဖြစ်သော အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ငွေရေးကြေးရေးဆိုင်ရာ တည်ငြိမ်မှုအခြေအနေများကို တင်ပြရပါက မြန်မာနိုင်ငံ၏ လူဦးရေ၊ နိုင်ငံ၏ အကျယ်အဝန်းတို့နှင့် နှိုင်းစာလျှင် ဘဏ်များအနေဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရပါကြောင်း၊ ဘဏ်အရေအတွက် နည်းနေခြင်းနှင့် ဘဏ်ဝန်ထမ်းများ၏ ဝန်ဆောင်မှုအားနည်းနေခြင်းတို့ကြောင့် ဘဏ်အသုံးပြုသူများ နည်းပါးနေပါကြောင်း၊ ဘဏ်များတွင်ငွေအပ်နှံမှု ယခုထက် ပိုမိုများပြားလာစေရန်၊ သတ်မှတ်ချက်များနှင့်အညီ ချေးငွေရယူလိုမှုများ ပိုမိုများပြားလာစေရန်၊ စည်းရုံးခြင်းနှင့် ပြည်သူများအနေဖြင့် အသိပညာ ပြည့်စုံစွာဖြင့် ချေးငွေရယူလိုမှုအတွက် ကြိုးပမ်းပေးစေလိုပါကြောင်း ဆွေးနွေးသည်။

သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်က ဗဟိုဘဏ်၏ ငွေရေးကြေးရေး ရည်မှန်းချက်ကို ဈေးနှုန်းတည်ငြိမ်မှုရှိသည့် စီးပွားရေးတိုးတက်မှုကို ရရှိစေပြီး အသင့်အတင့် ငွေကြေးပမာဏရည်မှန်းချက်ထားရှိ ဆောင်ရွက်သည်ဟု ဖော်ပြထားပါကြောင်း၊ ယင်းဖော်ပြချက်အရ GDP တိုးတက်နှုန်းထက် ငွေကြေးပမာဏ တိုးတက်မှုနှုန်း ပိုမိုများပြားနေသည့်အတွက် ကုန်ဈေးနှုန်းမြင့်တက်ပြီး ငွေဖောင်းပွမှုနှုန်း ပိုမိုမြင့်မားလာရန် အလားအလာရှိသည်ဟု သုံးသပ်ရပါကြောင်း၊ ထို့ပြင် ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးရမှုမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် မူလခန့်မှန်းခြေ ၄၀ ရာခိုင်နှုန်း လျာထားသော်လည်း အမှန်ဖြည့်ဆည်းမှုမှာ ၅၂ ဒသမ ၈၃ ရာခိုင်နှုန်းရှိသဖြင့် ရည်မှန်းချက် မအောင်မြင်ကြောင်းနှင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၀ ရာခိုင်နှုန်းလျာထား၍ ၂၅ ရာခိုင်နှုန်းသာ ဖြည့်ဆည်းခဲ့ရသဖြင့် ရည်မှန်းချက်အောင်မြင်သည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ဆက်လက်ဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို စက်တင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ မှစ၍ ခေတ္တပိတ်ထားသော လေယာဉ်ပြေးလမ်းအား စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီတွင် ပြန်လည်ဖွင့်လှစ်ပြီး လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စီမံခန့်ခွဲနေသော ကုမ္ပဏီဖြစ်သည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုအစရှိသော အဓိကနယ်ပယ်များတွင် အကောင်းမွန် ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေး စံချိန်စံညွှန်းများချမှတ် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနေထိုင်ရာ အိန္ဒိယနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာ တည်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည် တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ်တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့်လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ၃၃ လိုင်းနှင့်အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၃ ခုကို ချိတ်ဆက်ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည် ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၆ ဒသမ ၀၃၅ သန်းကို လက်ခံဝန်ဆောင်မှု ပေးနိုင်ခဲ့သည်။ **ကြေးမုံ**

○ **ရှေ့ဖုံးမှ**

ရန်ကုန်နိုင်ငံခြား ဘာသာ တက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပြီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် ဘွဲ့မယူခင် အလုပ်သင်သင်တန်းနှစ်လကြာမြင့်စွာ မိမိလုပ်ကိုင်မည့်လုပ်ငန်းများကို လေ့လာသင်ယူရပြီး ထိုသို့အလုပ်သင် သင်တန်းများ လုပ်ကိုင်နိုင်ရန် ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် အနေဖြင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းစုများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျောင်းသား ကျောင်းသူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်မှုအနေနဲ့ကတော့ နိုင်ငံခြားကုမ္ပဏီတွေ၊ သံရုံးအကြီးအကဲတွေကနေ တစ်ဆင့်ဆက်သွယ်တာတွေရှိတယ်။ ဘာသာရပ်ပါမောက္ခတွေကလည်း ချိတ်ဆက်ပေးတာတွေရှိတယ်။ ပုံမှန်ခေါ်နေကျကုမ္ပဏီတွေလည်း ရှိပါတယ်။ နောက်တစ်ခုက ကျောင်းသားကိုယ်တိုင်ကြိုးစားတာတွေလည်း ရှိပါတယ်။ အလုပ်သင်အနေနဲ့ကတော့ အဓိက နောက်ဆုံးနှစ် ကျောင်းသားတွေ ဖြစ်ပါတယ်။ သူတို့တွေဟာ တက္ကသိုလ်ကျောင်းသားဘဝကို မကြာခင်မှာ စွန့်လွှတ်ကြရတော့မယ်၊ ဘွဲ့တွေရတော့မယ်၊ အလုပ်တွေလုပ်ရတော့မယ်။ အဲလို အလုပ်မလုပ်ခင်စပ်ကြားလေးမှာ အပြင်လောက လုပ်ငန်းခွင်ရဲ့ အရသာကို မြည်းစမ်းခွင့်ရသွားမယ်။ လက်တွေ့ဘဝကို သိသွားမယ်၊ ကိုယ့်အကြောင်းကို သိသွားမယ်၊ အဲဒီလို သဘောမျိုးနဲ့ ဆောင်ရွက်ပေးတာပါ" ဟု ဒေါက်တာ ကြည့်ရှင်က ဆက်လက်ပြောသည်။

ယနေ့ပြုလုပ်သည့် ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြပြီး ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ အလုပ်သင်ဘဝ ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြကြသည်။ ထိုဆွေးနွေးတင်ပြချက်များမှတစ်ဆင့် ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**



## ယူနီကုဒ်စနစ် စတင်ပြောင်းလဲ သုံးစွဲကြပါစို့

- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် e-Government စနစ်၊ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- e-Government စနစ်၊ စနစ်တကျ တိုးတက်လာရေးအတွက် အစိုးရ၊ စီးပွားရေး လုပ်ငန်းများနှင့် ပြည်သူလူထုအကြား ကောင်းမွန်သောဆက်သွယ်ရေး၊ ရေးသား ပြောဆိုသောစနစ် တူညီရေး လိုအပ်ပါသည်။
- တူညီသော စနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်း၊ မြန်မာစာ ရေးထုံးများနှင့် ကိုက်ညီသော ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်သို့ စတင်ပြောင်းလဲသုံးစွဲကြပါစို့။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ယူနီကုဒ်စနစ် ဘယ်တော့ပြောင်းမှာလဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍၊ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း(ISO)၏ ISO/ IEC 10646 စံချိန်စံညွှန်းနှင့် အညီ မြန်မာနိုင်ငံအမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံ၏ စံအဖြစ် သတ်မှတ်ထားရှိသည့်၊ ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်ကို တစ်နိုင်ငံလုံး စတင်ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပါသဖြင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်ပြောင်းလဲသုံးစွဲနိုင်ရေး တိုက်တွန်းနှိုးဆော် အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ၁၇ ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားကျင်းပရန် ဦးစီးကော်မတီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဦးစီးဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းအဖွဲ့ ၁၇ ဖွဲ့နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အစည်းအဝေးများ ကျင်းပပြီး အစည်းအဝေးများ၏ ရလဒ်များ၊ ဆုံးဖြတ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်သည် သမိုင်းကြောင်းအရ လက်ဆင့်ကမ်းယူရမည့် သင်ခန်းစာယူစရာများရှိပြီး တက္ကသိုလ်သည် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များဖြစ်ရန် ဦးတည်ချက်များနှင့်အညီ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားများ ကျင်းပနိုင်ရေးကို စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ Master Plan အရ နယ်ပယ်လေးခုဖြစ်သည့် တက္ကသိုလ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်တိုးမြှင့်ရေး၊ အရည်အသွေးနှင့် ကျွမ်းကျင်မှု တိုးမြှင့်ရေးအတွက် တက္ကသိုလ်တွင်း မူဘောင်တစ်ရပ် ပြုစုဖော်ဆောင်ရေး၊ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် သင်ကြားသင်ယူမှု၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ခေတ်မီမဟာဗျူဟာများ၊ ချဉ်းကပ်မှုနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တက္ကသိုလ် ပြုပြင်မွမ်းမံရန်၊ အဆင့်မြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တက္ကသိုလ်ပရိဝုဏ်များ၏ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။



**အကြံပြုဆွေးနွေး**

တက္ကသိုလ်၏ Campus ကို ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံမှုရှိရန် ဆောင်ရွက်လျက်ရှိပြီး အိုင်စီတီအသုံးချမှုမြှင့်တင်ရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ စာသင်ခန်းများနှင့် လက်တွေ့ခန်းများ အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ အဆင့်မြှင့်တင် ဖြည့်ဆည်းရေးများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစားပေးလုပ်ငန်းများကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန်နှင့် တက္ကသိုလ်၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် နည်းလမ်းများကို ဝိုင်းဝန်းပူးပေါင်း အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ၁၇ ဖွဲ့မှ ဥက္ကဋ္ဌများက လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်၌ ရန်ကုန်မြို့၏ ၃၂ ခု မြောက် မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ပွဲ အခမ်းအနားနှင့် အင်းလျားဆောင်၌ ကျင်းပသည့် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို အထိမ်းအမှတ် အင်းလျားဆောင် ဓာတ်ပုံပြပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၇၁)နှစ်မြောက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

(၇၁)နှစ်မြောက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး ဒေါ်လွင်လွင်မှန်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး ဒေါ်သက်သက်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Jong Ho Bom နှင့် ဇနီး၊




သံတမန်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Jong Ho Bom နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Jong Ho Bom နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး (၇၁)နှစ်မြောက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ **သတင်းစဉ်**

## မူဆယ်-လားရှိုး-မန္တလေး ရထားလမ်း ဖောက်လုပ်ရန် ကျေးရွာပြည်သူများနှင့် တွေ့ဆုံ

**ကျောက်မဲ စက်တင်ဘာ ၆**


ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့ကျက်သရေဆောင်ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက မူဆယ်-လားရှိုး-မန္တလေး ရထားလမ်း ဖောက်လုပ်ပါက ဖြတ်သန်းသွားလာမည့် ရထားလမ်းပိုင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးဌေးလှိုင်က မီးရထားလမ်းပိုင်း၏ လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် မီးရထားလမ်းပိုင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများ ကာကွယ်လုပ်ဆောင်သွားရမည့် နည်းလမ်းအကြောင်းအား(Ever Green Tech Environmental Services and Training Co.,Ltd) မှ ဒေါက်တာ ကျော်စွာတင့်က ရှင်းလင်းဆွေးနွေးခဲ့သည်။ မိမိတို့ကျေးရွာများ၏ နယ်နိမိတ်များတွင် ဖြတ်သန်းသွားမည့် မီးရထားလမ်းပိုင်း ဖြစ်ပေါ်လာပါက လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဖောက်လုပ်ရန်လျာထားသည့် မူဆယ်-လားရှိုး-မန္တလေး ရထားလမ်း အရှည်မှာ ၄၁၄ ကီလိုမီတာ(၂၅၃ မိုင်)ရှိမည်ဖြစ်ပြီး ရထားလမ်း ဖောက်လုပ်ပြီးစီးပါက တစ်နာရီ မိုင် ၁၀၀ နှုန်းအထိ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများ သိရှိလိုသည့် မေးမြန်းမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး အကြံပြုစာရေးသားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း (၅၁) ကြိမ်မြောက်အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်တွင် စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည့် (၅၁)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည်။

**အမှာစကားပြောကြား**

(၅၁)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဂျူရင်လက်စနာဝစ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကုန်သွယ်ရေးတွင် စိန်ခေါ်မှုများရှိနေသည့် ယခုလိုအချိန်အခါမျိုး၌ အာဆီယံနိုင်ငံများ အနေဖြင့် အာဆီယံဒေသတွင်းအပြင် အခြားနိုင်ငံများနှင့်စီးပွားရေးအရ ချိတ်ဆက်မှုများကို တိုးမြှင့်ထူထောင်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP) လွတ်လပ်သော ကုန်သွယ်မှုဒေသဆွေးနွေးညှိနှိုင်းမှုများကို ယခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်မှသာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်မည့်ကုန်သွယ်မှုစနစ်ကို ထူထောင်နိုင်မည်ဖြစ်ပြီး မိမိတို့ဆွေးနွေးဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ယုံကြည်မှုကိုရရှိမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းရေးမှူးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် (၃၃) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီအစည်းအဝေး၊ (၂၂) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေး၊ (၅၁) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီနှင့် စီးပွားရေးဝန်ကြီးများ တွေ့ဆုံညှိနှိုင်းပွဲများသို့ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးသွားမည်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည့် (၇) ကြိမ်မြောက် RCEP ဝန်ကြီးများ ညှိနှိုင်းအစည်းအဝေးသို့ ဆက်လက်တက်ရောက်သွားမည်ဖြစ်ပြီး (၂၅) ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ- တရုတ်စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ (၃) ကြိမ်မြောက် အာဆီယံ- ဟောင်ကောင်စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၆) ကြိမ်မြောက် အာဆီယံ-ကိုရီးယားစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အမေရိကန် ကုန်သွယ်ရေးကော်မရှင်နာ အစည်းအဝေးတို့သို့လည်း ပါဝင်တက်ရောက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရုရှားနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်စင်အိုရှက်ရှ်ကင်နှင့်လည်းကောင်း၊ မြန်မာ-အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးအတွက် အမေရိကန်ကုန်သွယ်ရေး ဒုတိယကော်မရှင်နာ ဂျက်ဖရီဂဲရစ်နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်အခြေစိုက် Avis အမှတ်တံဆိပ် ကားအငှားဝန်ဆောင်မှုလုပ်ငန်း မြန်မာနိုင်ငံသို့ ဝင်ရောက်




**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အပန်းဖြေခရီးသွားများအတွက် ဝန်ဆောင်မှုပေးရန်နှင့် ဈေးကွက်အသစ် ချဲ့ထွင်ရန်အတွက် Avis Myanmar အမည်ဖြင့် အမေရိကန်နိုင်ငံ အခြေစိုက် Avis ယာဉ်အငှား ဝန်ဆောင်မှုလုပ်ငန်း မြန်မာနိုင်ငံ၌ မိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည်။

RMA Group ၏ လက်ခွဲကုမ္ပဏီတစ်ခုဖြစ်သော Avis Myanmar သည် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ရုံးချုပ်ဖွင့်လှစ်ထားပြီး နောက်ဆုံးပေါ်ကားမျိုးစုံကို ရက်တိုရက်ရှည် ငှားရမ်းပေးမည်ဖြစ်ကာ စီးပွားရေးသာမက ကုန်သွယ်ရေးယာဉ်ကြီးများအထိ ကိုယ်တိုင်မောင်းနှင်ရန် (သို့မဟုတ်) ကျွမ်းကျင်သော ယာဉ်မောင်းပါရှိသည့် ယာဉ်ငှားခြင်းကို ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

Avis Myanmar ၏ အထွေထွေမန်နေဂျာ Ms. Prasoporn Tansupasiri က "မြန်မာနိုင်ငံမှာ ကျွန်မတို့ ရုံးချုပ်ဖွင့်ပြီးတာနဲ့ ယာဉ်လုပ်ငန်းနယ်ပယ်မှာ ပိုကောင်းတဲ့ ရွေးချယ်စရာတွေနဲ့ ယာဉ်တွေကို ငှားနိုင်အောင်လည်း ကြိုးစားသွားပါမယ်။ ရန်ကုန်မြို့သာမက မန္တလေး၊ နေပြည်တော်၊ ပုဂံ၊ တောင်ကြီးနဲ့ ထားဝယ်စတဲ့ မြို့တွေအထိ တိုးချဲ့ပြီး ဝန်ဆောင်မှုပေးနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

Avis တွင် အမျိုးအစား စုံလင်သော ယာဉ်များစွာရှိပြီး Sedan၊ SUVs၊ Pick-up trucks၊ Vans နှင့် လူစီးယာဉ်များစွာကို စိတ်ကြိုက်ရွေးချယ်နိုင်မည်ဖြစ်ကာ လေဆိပ်ကြို/ပို့၊ point to point transfer၊ hourly disposal၊ ဝန်ဆောင်မှုနှင့် event Chauffeur-drive ဝန်ဆောင်မှုတို့တွင် အတွေ့အကြုံရှိ ယာဉ်မောင်းများဖြင့် ထောက်ပံ့ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ရိုးရှင်းသော ငှားရမ်းခြင်းလုပ်ငန်းစဉ်အနေဖြင့် သက်သာသောနှုန်းထားဖြစ်သည့် အမေရိကန်ဒေါ်လာ ၃၀ မှ စတင်၍ တစ်ရက် ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း Avis Myanmar ၏ ထုတ်ပြန်ချက်များအရ သိရသည်။

Avis Budget Group ၏ Vice President Mr.Hans Mueller က "မြန်မာနိုင်ငံက မော်တော်ကားဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ အလားအလာကောင်းတွေရှိတဲ့ နိုင်ငံဖြစ်ပါတယ်" ဟု အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

Avis ကားငှားရမ်းခြင်းနှင့် ၎င်း၏ လက်ခွဲကုမ္ပဏီများသည် နိုင်ငံပေါင်း ၁၇၀ ကျော်ရှိ နေရာပေါင်း ၅၅၀၀ ခန့်တွင် ယာဉ်ငှားရမ်းသည့် ဝန်ဆောင်မှု ပေးလျက်ရှိပြီး အသေးစိတ် အချက်အလက်များကို https://www. avis myanmar. com နှင့် www. avis.com တို့တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ညွန့်ကိုကို**

## သတင်းလမ်းညွှန်

### ၂၀၁၉ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၆**

၂၀၁၉ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day 2019) အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ဆောင်ပုဒ်မှာ "စာတတ်မြောက်ရေးဖွံ့ဖြိုးဖို့ တိုင်းရင်းသားဘာသာစာပေမြှင့်တင်စို့-Literacy and Multilingulism" ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက စီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

### ကမ္ဘာ့စာပို့တိုက်သမဂ္ဂနေ့ ပိုစတာများပြသမည်

**နေပြည်တော် စက်တင်ဘာ ၆**

(၁၄၅) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောက်တိုဘာ ၉ ရက်မတိုင်မီနှင့် ၉ ရက်တို့တွင် ဝန်ကြီးဌာနရုံးများနှင့် တက္ကသိုလ်များရှိ စာကြည့်တိုက်များတွင် အများပြည်သူနှင့် ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပိုစတာများကို စာကြည့်တိုက်နှင့် ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့သည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ (၁၄၅)နှစ် ပြည့်မြောက်သည့်နေ့ဖြစ်ပြီး နှစ်စဉ် အောက်တိုဘာလ ၉ ရက်နေ့ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ် ကျင်းပခဲ့ပြီး ယင်းနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ သုံးနှစ်လျှင်တစ်ကြိမ် သတ်မှတ်ထားသော ပိုစတာစာရွက်များကို အဖွဲ့ဝင်နိုင်ငံများသို့ နှစ်စဉ်ပေးပို့လေ့ရှိကြောင်း သိရသည်။

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union-UPU)ကို ၁၈၇၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဌာနချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ တည်ထောင်ထားရှိကြောင်း သိရသည်။

**မောင်လူမော်**

# ပြိုကွဲနေတဲ့ ကမ္ဘာ့ငွေကြေးစနစ် ဘာဖြစ်မယ်ဆိုတာ မသေချာ

ခင်မောင်ညို (ဘောဂဗေဒ)

၁၉၇၁ ခုနှစ် ဩဂုတ်လတုန်းကပေါ့။ အမေရိကန်သမ္မတနစ်ဆင်က "အမေရိကန်အနေနဲ့ လက်တစ်ဖက်ကို နောက်ကျောမှာချည်နှောင်ထားပြီးမှ ယှဉ်ပြိုင်စရာမလိုတော့ပါ"လို့ ပြည်သူတွေကို မိန့်ခွန်းပြောကြားခဲ့ပါတယ်။

**စစ်ပြီးခေတ် စီးပွားရေးစနစ်**

အဲဒီမိန့်ခွန်းနဲ့ပဲ စစ်ပြီးခေတ် စီးပွားရေးစနစ်ကို အဆုံးသတ်ခဲ့တယ်။ ဒေါ်လာကို ရွှေနဲ့လဲလှယ်ခွင့် ရပ်ဆိုင်းခဲ့တယ်။ သွင်းကုန်တွေအပေါ်မှာ အခွန်ကောက်ခံခဲ့တယ်။ အဲဒီနောက်မှာ ယိမ်းယိမ်းယိုင်ယိုင်တွေဖြစ်ပြီး ပေါ်ပေါက်လာတဲ့ ကနေ့စီးပွားရေးစနစ် ရှင်သန်ပါ့မလား ဆိုတာလည်း သံသယဖြစ်စရာကောင်းလာတယ်။ တခြားအခြေအနေတွေမှာတော့ စနစ်တစ်ခု ပျက်သုဉ်းသွားတာကို ပူဆွေးမနေကြပါဘူး။ ဒါပေမယ့် ဩဂုတ်လရောက်တိုင်း ကမ္ဘာ့ငွေကြေးစနစ်တစ်ခုကနေ တခြားငွေကြေးစနစ်တစ်ခုကို ပျော်ပျော်ရွှင်ရွှင်ကူးပြောင်းနိုင်မယ့် အလားအလာကတော့ မှေးမှိန်လာနေတာ တွေ့ရတယ်။

**ကုန်သွယ်ရေးစစ်ပွဲ**

နိုင်ငံတကာကုန်သွယ်ရေးကိုကြည့်ရင် နိုင်ငံအတော်များများမှာ ကိုယ့်ကိုယ်ပိုင်ငွေကြေးနဲ့ကိုယ်ရှိကြတယ်။ ငွေကြေးတွေက ကိုယ့်သဘော၊ ကိုယ့်နှုန်းနဲ့ကိုယ် လှုပ်ရှားနေကြတယ်။ တခြားနိုင်ငံက ပို့ကုန်တွေနဲ့ပြိုင်နိုင်ဖို့ ငွေကြေးတန်ဖိုးကို ချလို့ရတယ်။ အစိုးရက ငွေကြေးကို စီမံခန့်ခွဲနိုင်ဖို့ ကြိုးစားရာမှာ အလျော်အစားတွေရှိတယ်။ အထိန်းအချုပ်၊ အဟန့်အတားတွေရှိတယ်။ ငွေကြေးတန်ဖိုးတည်ငြိမ်အောင်ဆိုပြီး နိုင်ငံခြားငွေကြေးတစ်ခုနဲ့ချိတ်လိုက်ရင် ပြည်တွင်းစီးပွားရေးမူဝါဒချတဲ့အခါ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် ချလို့မရတော့ဘူး။

နိုင်ငံခြားအရင်းအနှီးတွေ စီးဝင်၊ စီးထွက်တာကိုလည်း ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူး။ ငွေကြေးစနစ်ရဲ့သဘောကိုက တစ်ခုလိုချင်ရင် တစ်ခုကိုစွန့်လွှတ်ရတယ်။ နည်းတစ်နည်းနဲ့တစ်နည်းက ဆန့်ကျင်နေလေတော့ တတ်နိုင်သမျှ မဆန့်ကျင်အောင်တော့ ကြိုးစားကြရတာပါ။ အမေရိကန်နဲ့တရုတ် ကုန်သွယ်ရေးစစ်ပွဲဖြစ်ရတဲ့နောက်ခံက ဟိုတုန်းက အဆင်ပြေခဲ့ပြီး အခုအဆင်မပြေတော့တဲ့ စနစ်ကြောင့်ပါ။ အဲသလိုကလည်း ဖြစ်တတ်ပါတယ်။

**ကမ္ဘာ့စီးပွားပျက်ကပ်**

ပထမဆုံးအကြိမ် ကမ္ဘာ့စီးပွားရေးပေါင်းစည်းမှု (Globalization) ခေတ်ဟာ ၁၉ ရာစုနှစ် နှောင်းပိုင်းမှာ စတင်ခဲ့ပါတယ်။ အဲဒီခေတ်တုန်းက ရွှေစံချိန်စနစ်ကျင့်သုံးနေမှုအပေါ်မှာ အခြေခံပြီး တည်ဆောက်ခဲ့တာပါ။ အစိုးရတွေက သူတို့ရဲ့ငွေကြေးတန်ဖိုးကို ရွှေနဲ့သတ်မှတ်တယ်။ အခုလို သတ်မှတ်တော့ ပြည်တွင်းစီးပွားရေးအဆောက်အအုံကို ကိုယ့်သဘောကျ၊ အပြည့်အဝထိန်းချုပ်လို့မရဘူး။

ဒါပေမယ့် အခုလို အလျော်အစားလုပ်တဲ့နည်းဟာ ကမ္ဘာ့စီးပွားပျက်ကပ် (Depression) ဖြစ်လာတော့ အဆင်မပြေတော့ဘူး။ အစိုးရတွေက သူတို့ပေးထားခဲ့တဲ့ ငွေရေးကြေးရေးကတိတွေကို မတည်နိုင်ကြတော့ဘူး။ အစိုးရ တစ်ခုပြီးတစ်ခု သူတို့ရဲ့ငွေတွေကို တန်ဖိုးချကြတယ်။ စိတ်ဆိုး မာန်ဆိုးဖြစ်နေတဲ့ ကုန်သွယ်ဖက်တွေက သွင်းကုန်ခွန်တွေ ကောက်ကြတယ်။ ငွေကြေးအုပ်စုတွေ အပြိုင်အဆိုင်ထောင်ကြတယ်။ ၁၉၄၄ ခုနှစ်ကျတော့ မဟာမိတ်နိုင်ငံတွေစုစည်းပြီး နယူးဟမ်ရှိုင်းယားပြည်နယ် ဘရက်တန်ဝုဒ်မှာလုပ်တဲ့ အစည်းအဝေးတစ်ခုမှာ ငွေကြေးစနစ်တစ်ခု စမ်းကြည့်ကြတယ်။ တက်ရောက်တဲ့နိုင်ငံတွေက သူတို့ရဲ့ငွေကြေးကို ဒေါ်လာနဲ့ချိတ်ဆက်တယ်။ (နည်းနည်းပါးပါး ညှိနှိုင်းလို့ရတယ်)။

**ကမ္ဘာ့ငွေကြေးစနစ်ရှင်သန်ရေး**

၁၉၆၀ နဲ့ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ အမေရိကန်ရဲ့ ကုန်သွယ်ရေးလိုငွေတွေကများ၊ ငွေဖောင်းပွမှုနှုန်းကတက်လာတော့ ဒေါ်လာကို ရွှေနဲ့ချိတ်ဆက်ထားတာကို ယုံကြည်စိတ်ချမှု လျော့ကျလာတယ်။ ပြည်ပမှာ ဒေါ်လာရဲ့ ဂုဏ်သိက္ခာပြန်တက်ဖို့ဆိုရင် တင်းကျပ်တဲ့ ဘဏ္ဍာရေးနဲ့ ငွေကြေးချွေတာရေးမူဝါဒတွေကို ပြန်လည်ကျင့်သုံးရမယ်။ ဒါပေမယ့် အဲဒီလိုလုပ်မယ်ဆိုရင် ပြည်တွင်းမှာ အများကြီး ထိခိုက်နစ်နာမှုရှိမယ်။ ပြည်တွင်းအကျိုးစီးပွားကို ဦးစားပေးမလား၊ ကမ္ဘာ့ငွေကြေးစနစ်ရှင်သန်ရေးကို ဦးစားပေးမလား ရွေးချယ်စရာဖြစ်လာတဲ့အခါ အမေရိကန်သမ္မတက ဘရက်တန်ဝုဒ်ညီလာခံမှာ ပေးထားခဲ့တဲ့ ကတိကဝတ်တွေကို စွန့်လွှတ်ပြီး ပြည်တွင်းရေးကိုပဲ ဦးစားပေးခဲ့ပါတော့တယ်။

စစ်ပြီးခေတ် ပြာပုံတွေကြားထဲကနေ အခုခေတ် ကျင့်သုံးနေတဲ့ ဒုတိယဘရက်တန်ဝုဒ်စနစ် (Bretton Woods II) ဟာ ဖြည်းဖြည်းချင်းပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်လာရဲ့ လွှမ်းမိုးမှုဟာ အဆုံးသတ်မသွားခဲ့ပါဘူး။ ကမ္ဘာ့ကူးသန်းရောင်းဝယ်မှု၊ ကုန်သွယ်မှုအတော်များများကို ဒေါ်လာနဲ့လုပ်တာပါ။ အမေရိကန်ရဲ့ စီးပွားရေးမူဝါဒအပြောင်းအလဲဟာ ကမ္ဘာတစ်ဝန်းမှာ ပဲ့တင်ထပ်နေဆဲပါ။ သုတေသနတွေအရ ဒေါ်လာအားကောင်းရင် ကမ္ဘာ့ကုန်သွယ်ရေး ကျဆင်းတယ်။ အမေရိကန်မှာ တင်းကျပ်တဲ့ ငွေကြေးမူဝါဒ ကျင့်သုံးရင် ကမ္ဘာ့ဘဏ္ဍာရေးအခြေအနေ ကျပ်တည်းတယ်။

**ထွန်းသစ်စနိုင်ငံတွေရဲ့ပြဿနာ**

ခါးသီးတဲ့ အတွေ့အကြုံတွေအရ ထွန်းသစ်စနိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံရဲ့အကျိုးအတွက် ဒေါ်လာတွေအများကြီး စုဆောင်းကြတယ်။ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ အတော်များများ စုမိလာပြီး ၂၀၁၄ မှာ အမြင့်ဆုံးကိုရောက်ခဲ့တယ်။ ထွန်းသစ်စနိုင်ငံတွေက ဒေါ်လာတွေ လိုက်ဝယ်ကြတော့ ဒေါ်လာဈေးမတန်တဆ တက်သွားတယ်။ (ပြည်တွင်းငွေတန်ဖိုးတွေကျလို့) ထွန်းသစ်စနိုင်ငံတွေက ပို့ကုန်တွေ အရောင်းသွက်တယ်။ ပို့ကုန်သမားတွေ အကျိုးရှိကြတယ်။ အမေရိကန်ခမျာတော့ တစ်ချိန်လုံးကုန်သွယ်ရေးလိုငွေပဲ တောက်လျှောက်ပြနေခဲ့တယ်။ တစ်နည်းပြောရရင် အမေရိကန်အသုံးအစွဲလွန်တာ (အစားကျူးတာဟာ) ထွန်းသစ်စနိုင်ငံတွေက ချေးငွေတွေ အားကိုးနဲ့ပါ။

ထွန်းသစ်စနိုင်ငံတွေက အမေရိကန်ရဲ့ပိုင်ဆိုင်မှုတွေကို ဝယ်ယူမြှုပ်နှံထားကြတယ်။ သီးသန့် နိုင်ငံခြားငွေတွေ ပိုနေတဲ့နိုင်ငံတွေကနေ အမေရိကန်ကို ငွေတွေရောက် အမေရိကန်စားသုံးသူတွေဆီကနေ ဒေါ်လာစုတဲ့ ထွန်းသစ်စနိုင်ငံတွေဆီကို ငွေကြေးတွေ စီးဆင်းရင်းနဲ့ ဒုတိယမြောက် ဘရက်တန်ဝုဒ်စနစ်ဆိုတာ ဖြစ်ပေါ်လာတယ်။ ဒေါ်လာတွေ ဖောဖောသီသီစုမိတဲ့နိုင်ငံတွေထဲမှာ တရုတ်နိုင်ငံလည်း အပါအဝင်ဖြစ်ခဲ့ပါတယ်။

ဘယ်တုန်းကမှ ဒီစနစ်ရေရှည်ခံမယ်လို့ မထင်ကြပါဘူး။ အမေရိကန်ဟာ တစ်သက်လုံး နိုင်ငံခြားကချေးနေလို့မရဘူး။ သာမန်စာရင်းလိုငွေပြနေတော့ အမေရိကန်နဲ့ လုပ်ငန်းတွေကို ထိခိုက်တယ်။ ၂၀၀၀ ပြည့်လွန်နှစ်တွေမှာ အချို့ဘောဂဗေဒပညာရှင်တွေက ရင်းနှီးမြှုပ်နှံသူတွေ ဒေါ်လာအပေါ် ဘယ်တော့အယုံအကြည်ပျက်မလဲဆိုတာ စပြီးစိတ်ပူလာကြပြီ။ ဒေါ်လာပြိုကွဲပြီး ကမ္ဘာ အကျပ်ဆိုက်တော့မယ်လို့ ပူပန်လာခဲ့ကြပြီ။

**ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှု**

တချို့လေ့လာသူတွေကတော့ အမေရိကန်ဟာ ကမ္ဘာ့စနစ်ထဲမှာ သူ့ရဲ့တာဝန်ထမ်းဆောင်နေတာ လက်ပန်းကျတော့မယ်လို့ တွက်လာကြတယ်။ အမေရိကန်စက်မှုလုပ်ငန်းတွေ ကျဆင်းတာကြောင့် အမေရိကန်လူ့အဖွဲ့အစည်း ထိခိုက်ရတဲ့အတွက် နိုင်ငံရေးသမားအားလုံး ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှု (Globalization) ရဲ့ အကျိုးကျေးဇူးတွေအပေါ် သံသယတွေဖြစ်လာကြတော့မယ်လို့ ဟောကိန်းထုတ်ခဲ့ကြတယ်။ အချိန်ကာလတစ်ခုလောက်တော့ ဒုတိယဘရက်တန်ဝုဒ်စနစ် အသေဖြောင့်ဖို့ ဖြစ်နိုင်ခဲ့ပါတယ်။ ဥရောပစီးပွားရေးအဆောက်အအုံတွေ နိုင်ငံတွေက ပိုပြီးစုစည်းမိလာ၊ တရုတ်နိုင်ငံကလည်း အင်အားကောင်းလာလေတော့ ဝင်ရိုးစုံကမ္ဘာကြီးဖြစ်လာပြီး သီးသန့်ငွေသားရဲ့တာဝန်တွေကို အမေရိကန်တစ်ခုတည်း ပခုံးမထမ်းတော့ဘဲ ယူရိုတွေ၊ တရုတ်ယွမ်ငွေတွေကလည်း မျှပြီးတာဝန်ယူကြဖို့ အလားအလာတွေ ပေါ်ပေါက်ခဲ့ပါတယ်။

အမေရိကန်တွေလိုပဲ ဥရောပနဲ့ တရုတ်စားသုံးသူတွေကလည်း တာဝန်ယူကြမယ်ဆိုရင် ကမ္ဘာမှာ ပိုငွေတွေ၊ လိုငွေတွေ တစ်ဖက်စောင်းနင်းဖြစ်နေတာတွေ လျော့ပါးသွားနိုင်ပါတယ်။

ဒါပေမယ့် သမိုင်းကြောင်းကိုကြည့်တော့ တစ်မျိုးဖြစ်နေပြန်တယ်။ လွန်ခဲ့တဲ့ဆယ်နှစ်အတွင်းမှာ ပြဿနာတွေ အမျိုးမျိုးကြုံတွေ့ခဲ့ရပေမယ့် ရင်းနှီးမြှုပ်နှံသူတွေကတော့ ဒေါ်လာနဲ့တန်ဖိုးသင့်တဲ့ ပိုင်ဆိုင်မှုတွေ၊ လုံခြုံမှုတွေကို ခံတွင်းတွေ့နေကြဆဲ ဖြစ်နေပါတယ်။ ဒီတော့လည်း အမေရိကန်ဒေါ်လာရဲ့ ဗိုလ်ကျစိုးမိုးမှုကို အားဖြည့်ပေးရာရောက်ပါတယ်။ ကြွေးမြီအကျပ်အတည်းတွေကြောင့်လည်း ယူရိုငွေအပေါ်ယုံကြည်မှုတွေ ကျဆင်းခဲ့ပါတယ်။ တရုတ်ယွမ်ငွေအပေါ် ယုံကြည်မှုတွေ မလွှဲမရှောင်သာမြင့်မားလာခဲ့ပေမယ့် တရုတ်နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှေးကွေးလာပြန်တော့ အရောင်မှိန်သွားစေခဲ့ပါတယ်။

**ကုန်သွယ်ရေးနဲ့ငွေကြေးစစ်ပွဲ**

တရုတ်နိုင်ငံက စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့လည်း စိတ်အားထက်သန်မှု လျော့ပါးခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိစနစ်ဟာ ခါတိုင်းထက်ပိုပြီး ချူချာနေတာကို တွေ့ရပါတယ်။ အမေရိကန်သမ္မတရဲ့ အရှိန်တက်လာတဲ့ ကုန်သွယ်ရေးနဲ့ငွေကြေးစစ်ပွဲဟာလည်း ဒုတိယ ဘရက်တန်ဝုဒ်စနစ်ကို နန်းချဖို့ ခြိမ်းခြောက်နေပေမယ့် အစားထိုးစရာ ဆွဲဆောင်မှုရှိတဲ့စနစ်တစ်ခု ပေါ်ပေါက်လာမယ့် အလားအလာကလည်း မှုန်ဝါးဝါးပါ။

အခုအထိတော့ ဒုတိယဘရက်တန်ဝုဒ် ဝေဒနာ နည်းနည်းနဲ့ အဆုံးသတ်ဖို့ အလားအလာရှိနေဆဲပါ။ တကယ်လို့များ ၂၀၂၀ မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အာဏာပြန်ရမလာခဲ့ရင်တောင်မှ သူ့ရဲ့ကံကြမ္မာဟာ ပထမဘရက်တန်ဝုဒ်စနစ်နဲ့တူနေပါတယ်။ ဒီမိုကရက်တွေဟာ ခါတိုင်းထက်စီးပွားရေးနယ်ပယ်မှာ အမျိုးသားရေးကို ဦးစားပေးကြသလို တစ်ဖက်ကလည်း ကမ္ဘာတစ်ဝန်းပူးပေါင်းဆောင်ရွက်မှုရဲ့ အရေးပါမှုကို အာရုံစိုက်ကြသူတွေ ဖြစ်ပါတယ်။

**ကုန်သွယ်မှုဆက်ဆံရေး**

ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ခဲ့တဲ့ ၁၉၃၀ ပြည့်လွန်နှစ်တွေက အတွေ့အကြုံတွေကို ပြန်ကြည့်မယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေတဲ့ လမ်းညွှန်မှုကို ရနိုင်ပါတယ်။ ငွေဖလှယ်နှုန်းတွေနဲ့ပတ်သက်လို့ စုပေါင်းတိုင်ပင်ညှိနှိုင်းပြီးမှ ပြောင်းလဲတာမျိုးတွေမရှိ၊ ကုန်သွယ်ရေးအငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာမဖြေရှင်းနိုင်ဘူးဆိုရင် ကမ္ဘာကြီးဟာ အပြိုင်အဆိုင်ငွေတန်ဖိုးတွေချကြ၊ သွင်းကုန်ခွန်တွေ မြှင့်တင်ကြလုပ်နေတဲ့ သံသရာထဲ သက်ဆင်းသွားနိုင်ပါတယ်။

ကုန်သွယ်မှုဆက်ဆံရေးတွေ အစည်းပြေရင် ပြိုင်ဘက်စီးပွားရေးအုပ်စုတွေ အလျှိုလျှို ပေါ်ပေါက်လာနိုင်ပါတယ်။ အဲသလို အရုပ်ဆိုးအကျည်းတန်တဲ့ခေတ်မျိုးရောက်အောင် ကမ္ဘာကြီးကလုပ်ပါ့မလားလို့ စဉ်းစားရခက်ပါတယ်။ ဒါပေမယ့် ဒါမျိုးတွေက လုပ်ပါများလို့ရိုးနေပါပြီလို့ The Economist မဂ္ဂဇင်းကြီးက ဆိုပါတယ်။ ။

❖

**ကမ္ဘာ့ကူးသန်းရောင်းဝယ်မှု၊ ကုန်သွယ်မှု အတော်များများကို ဒေါ်လာနဲ့လုပ်တာပါ။ အမေရိကန်ရဲ့ စီးပွားရေးမူဝါဒ အပြောင်းအလဲဟာ ကမ္ဘာတစ်ဝန်းမှာ ပဲ့တင်ထပ်နေဆဲပါ။ သုတေသနတွေအရ ဒေါ်လာအားကောင်းရင် ကမ္ဘာ့ကုန်သွယ်ရေး ကျဆင်းတယ်။ အမေရိကန်မှာ တင်းကျပ်တဲ့ ငွေကြေးမူဝါဒကျင့်သုံးရင် ကမ္ဘာ့ဘဏ္ဍာရေးအခြေအနေ ကျပ်တည်းတယ်။**

# ဆေးတက္ကသိုလ်များတွင် မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားလေ့ကျင့်နိုင်ရေး ဆောင်ရွက်ပြီးစီးမှု ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျင်းပသည့် ၂၀၂၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ်များ၌ အသစ်စတင်တက်ရောက်မည့် သင်တန်းသား သင်တန်းသူများကို မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းဖြင့် စတင်သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာ၌ အရည်အသွေးမြင့်မားသော၊ ကျင့်ဝတ်စည်းကမ်းများလိုက်နာကျင့်သုံးသော၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုပြည့်ဝသောဆေးပညာရှင်များမွေးထုတ်ပေးနိုင်ရန် ပြောင်းလဲလာသော အခြေအနေများနှင့် ကိုက်ညီမှုရှိသည့် သင်ရိုးညွှန်းတမ်းသည် လွန်စွာအရေးကြီးပါကြောင်း၊ မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသင်ယူမှုဆောင်ရွက်ခြင်းသည် အခြေခံမှုစ၍ အလွန်သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံဆေးပညာလောကအတွက် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ မျှော်မှန်းရလဒ်အခြေခံသောစုစည်း ချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းအသုံးပြု သင်ကြားသင်ယူမှုစတင်သည်နှင့် တစ်ပြိုင်နက် အကောင်အထည်ဖော်ရေးအဖွဲ့နှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့တို့ကို ဖွဲ့စည်း၍ သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရှင်များ၏ အကြံပြုချက်များကိုရယူကာ ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် အသိပညာ၊ လက်တွေ့တတ်ကျွမ်းမှုသာမက ဆေးပညာကျင့်ဝတ်များခိုင်မြဲစွာ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးကိုပါ အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်ကြားသင်ယူမှုများတွင် အခြေခံအဆောက်အအုံ ပြည့်စုံကောင်းမွန်မှုသည် အရေးကြီးသဖြင့် လိုအပ်သည်များကို အထူးဦးစားပေးအစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးတက္ကသိုလ် အသီးသီးမှ ဆေးပညာသင်ကြားရေးယူနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုံး သင်ကြားသင်ယူမှုယူနစ်များ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျှော်မှန်းရလဒ်အခြေခံသောစုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းကို ဆန်းစစ်သုံးသပ်ခဲ့ပြီး ထိုသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသင်ယူခြင်းမှတစ်ဆင့် အရည်အသွေးပြည့်ဝ၍ ကျင့်ဝတ်စည်းကမ်းများလိုက်နာကျင့်သုံးသော ဆေးပညာရှင်များကို မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မျှော်မှန်းရလဒ် အခြေခံသောစုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းပေါ်ပေါက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအေးမောင်ဟန်က မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီစေရန် သင်ရိုးညွှန်းတမ်းအား ပြင်ဆင်ရေးဆွဲထားရှိမှုနှင့် ဆေးတက္ကသိုလ် သင်တန်းပညာသင်နှစ် အတန်းအလိုက် စုစည်းချိတ်ဆက် သင်ကြားမည့် ဘာသာရပ်နှင့် သင်ကြားသင်ယူမှုပုံစံများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခဒေါက်တာခင်မာမြင့်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခဒေါက်တာအေးသီတာ၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးထွန်း၊ ဆေးတက္ကသိုလ် မန္တလေးမှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်မောင်လွင်နှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးတို့က မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားရေးအတွက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ကွန်ပျူတာပုံရိပ်ဖော် ဓာတ်မှန်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်မှုများ ဆောင်ရွက်နေမှု၊ ကွန်ပျူတာပုံရိပ်ဖော် ဓာတ်မှန်စက်နှင့် ဆက်စပ်စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းရန်နှင့် အမြန်ဆုံးအသစ်ဝယ်ယူတပ်ဆင်ရန် လိုအပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် စီစဉ်ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# (၄၈) ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုအသီးသီးဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၆**

၂၀၁၉ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(UPU)တို့၏ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ပြိုင်ပွဲကျင်းပရေးအဖွဲ့ (National Organizing Body)သည် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ အသက် ၁၅ နှစ်နှင့်အောက် လူငယ်များပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂက"Write a letter about your hero"ဟူသောခေါင်းစဉ်ပေးပို့လာပြီး မြန်မာနိုင်ငံအနေဖြင့် (ပြည်တွင်းအဆင့်) အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့ရာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၄၈၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(၄၈)ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) ပထမဆုကို နေပြည်တော် CAE ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မရွှန်းလဲ့ဝင်းကလည်းကောင်း၊



ပထမဆုရ
မရွှန်းလဲ့ဝင်း



ဒုတိယဆုရ
မောင်ကျော်စံဝေ



တတိယဆုရ
မောင်ကောင်းထက်သော်



အထူးဆုရ
မအိမ့်သံဇဉ်ဦး

ဒုတိယဆုကိုရခိုင်ပြည်နယ် အထက(၅) စစ်တွေမြို့ နဝမတန်းမှ မောင်ကျော်စံဝေကလည်းကောင်း၊ တတိယဆုကိုကချင်ပြည်နယ် မူလွန်၊ ပုန်ခုန်း၊ တနိုင်းမြို့ သတ္တမတန်းမှ မောင်ကောင်းထက်သော်ကလည်းကောင်း၊ အထူးဆုကို တနင်္သာရီတိုင်းဒေသကြီး၊ အထက(၁)ထားဝယ်မြို့နယ် အဋ္ဌမတန်းမှ မအိမ့်သံဇဉ်ဦးတို့ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ၂၀၁၉ ခုနှစ် အောက်တိုဘာ ၉ ရက် ကမ္ဘာ့စာပို့တိုက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) စုပေါင်းခန်းမ၌ ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် တရုတ်နိုင်ငံ ဟန်ကျိုးတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့ရှိ Second Institute of Oceanography တို့အကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ရှိ အဆိုပါ တက္ကသိုလ်၏ ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Second Institute of Oceanography မှ Professor Daji Huang (Deputy Director General) တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Second Institute of Oceanography တို့အကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော မိုးလေဝသ အခြေအနေ၊ ရေကြောင်းဆိုင်ရာ စီးပွားရေးနှင့် ဇီဝဗေဒဆိုင်ရာဆက်စပ်လုပ်ငန်းများ၊ ရေကြောင်းဘူမိဆိုင်ရာ၊ ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှု၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာနှင့် အခြားရေကြောင်းသိပ္ပံဆိုင်ရာ လေ့လာမှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မှုကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် သုတေသနပြုလုပ်နိုင်ခြင်း၊ သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်သူများ သုတေသနဆောင်ရွက်မည့် ကျောင်းသားများအား အပြန်အလှန်စေလွှတ်သင်ကြားပေးနိုင်ခြင်း၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ ပူးပေါင်းကျင်းပနိုင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ မျှဝေပေးနိုင်ခြင်းနှင့် သုတေသနဆိုင်ရာအချက်အလက်များ ရှာဖွေခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ကိုထက်**



# မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိသည်။

**လာရောက်လှူဒါန်း**

ထိုသို့လှူဒါန်းရာ၌ တရုတ်နိုင်ငံ ရွှေလီမြို့မှ မြန်မာနိုင်ငံသား ကျောက်မျက်ကုန်သည်များအသင်းမှဦးဆောင်၍ လူမျိုး/ဘာသာပေါင်းစုံ မြန်မာနိုင်ငံသားများက လှူဒါန်းငွေကျပ် သိန်း ၈၀၊ Huawei Technology (Yangon) ကုမ္ပဏီလီမိတက်မှ အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ ဖိုင်ဘာစက်လှေ ငါးစင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းမိသားစုများက လှူဒါန်းငွေကျပ် ၁၅၈၅၀၀၀ နှင့် မလှိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် မြို့နယ်သားများက လှူဒါန်းငွေကျပ် ၄၂၁၂၀၀၀ နှင့် ငွေကျပ် ၂၂၆၉၀၀ တန်ဖိုးရှိ ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့မွန်းလွဲပိုင်းနှင့် ယမန်နေ့တို့က လာရောက်လှူဒါန်းရာ အမျိုးသား



သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# Myanmar China Mobile Association နှင့် မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းတို့က ရေဘေးသင့်ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် အထက်တန်းအဆင့် အထောက်အကူပြုစာအုပ်များ လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၆**

Myanmar China Mobile Association နှင့် မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းတို့ ပူးပေါင်း၍ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ရေဘေးသင့် မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများနှင့် အထက်တန်းအဆင့် အထောက်အကူပြုစာအုပ်များ၊ မုန့်မျိုးစုံနှင့် အလှူငွေများ လှူဒါန်းပွဲကို စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ကျိုက်မရောမြို့ အခြေခံပညာ အထက်တန်းကျောင်း ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ- တရုတ်ယဉ်ကျေးမှု အသင်း အတွင်းရေးမှူးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Myanmar China Mobile Association(MCMA)မှ လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံ ၁၀၀၇ စုံနှင့် မုန့်မျိုးစုံကို MCMA အသင်းကိုယ်စား မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ကြည်လင်းက လည်းကောင်း၊ ရွှေလက်ဆောင် စာပေမှလှူဒါန်းသည့် ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ တက္ကသိုလ်ဝင်တန်းအထောက်အကူပြုဘာသာစုံ စာအုပ်များကို မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်း တွဲဖက်အတွင်းရေးမှူးက လည်းကောင်း၊ မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းမှ လှူဒါန်းငွေကျပ် တစ်သိန်းနှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း)မှ လှူဒါန်းငွေကျပ်တစ်သိန်းအား မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိ



**ရေဘေးသင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။**
**ဓာတ်ပုံ** -(NNS)

သူများက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျိုက်မရောမြို့နယ် ပညာရေးမှူး ဦးငွေဝင်းနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးငွေဝင်းက ကျေးဇူးတင်စကား ပြောသည်။

"လက်ရှိကတော့ ယာယီပိတ်လိုက်ရတဲ့ ကျောင်းတွေ ပြန်ဖွင့်နေပါပြီ။ အခုပြန်ဖွင့်နိုင်တဲ့ ကျောင်းတွေမှာ ပိတ်ရက်တွေအစားထိုးပြီး ပြန်လည် သင်ကြားပေးလျက်ရှိပါတယ်။ ပြန်မဖွင့်နိုင်သေးတဲ့ ကျောင်း ၂၀ ကျောင်းကတော့ မကြာမီပြန်ဖွင့်နိုင်မယ်လို့ထင်ပါတယ်"ဟု မြို့နယ်ပညာရေးမှူးက ပြောသည်။

ကျိုက်မရောမြို့နယ်အတွင်း ဩဂုတ် ၉ ရက် မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၇၂ ကျောင်း ယာယီပိတ်ခဲ့ရပြီး စက်တင်ဘာ ၆ ရက်တွင် ကျောင်း ၂၀ ကျောင်းအား ယာယီပိတ်ထားရကြောင်း သိရသည်။

ယနေ့လှူဒါန်းပွဲသို့ ကျိုက်မရောမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များ တက်ရောက်ကြပြီး လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် သိန်း ၅၀ ကျော်ရှိကြောင်း သိရသည်။ (AHO)

## ကျိုက်ထို၌ ရေများပြန်လည်ကျဆင်း၍ ရထားများ ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာ

**ကျိုက်ထို စက်တင်ဘာ ၆**

ကျိုက်ထိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၅ ရက် ည ၇ နာရီခန့်တွင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄) ရပ်ကွက် ရန်ကုန်-မော်လမြိုင် ရထားလမ်း မိုင်တိုင်အမှတ် (၇၇/၁၄)နှင့် (၇၇/၂၄) အကြားတွင် ရထားလမ်းပေါ်သို့ ရေအမြင့် ၁ ပေ ၆ လက်မခန့် မြင့်တက်ခဲ့သည်။

မော်လမြိုင်ဘူတာမှ ထွက်ခွာလာသော အမှတ်(၈၆)အစုန် မော်လမြိုင်-ပဲခူး လော်ကယ်ရထားသည် သိမ်ဇရပ်ဘူတာ၌လည်းကောင်း၊ ရန်ကုန်ဘူတာကြီးမှထွက်ခွာလာသော အမှတ်(၁၇၅)အဆန် ရန်ကုန်- ထားဝယ် ခရီးသည်တင်အမြန်ရထားမှာလည်း ဝေါမြို့နယ် အဗျားဘူတာမှ သိမ်ဇရပ်ဘူတာ၌လည်းကောင်း ရေကျချိန်ကို စောင့်ဆိုင်းခဲ့ရသည်။ စက်တင်ဘာ ၆ ရက်တွင် ရေများပြန်လည်ကျဆင်းခဲ့၍ အဆိုပါ ရထားနှစ်စင်းမှာ ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## စစ်တောင်းမြစ်နှင့် ဘီးလင်းမြစ်ရေအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်  စက်တင်ဘာ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mrs. Suphatra Srimaitreephithank အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# နည်းပညာအကူအညီဖြင့် ရှာငံကော်ဖီ ဈေးကွက်ထိုးဖောက်နိုင်ရေး ကြိုးပမ်း



**နေပြည်တော်  စက်တင်ဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်တောင်ကြီးခရိုင်ရှိ ရှာငံကော်ဖီ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီနှင့် ရာသီသီးနှံဌာနခွဲက ဆောင်ရွက်လျက်ရှိသော ကော်ဖီသုတေသန လုပ်ငန်းများနှင့် တောင်သူပညာပေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကော်ဖီရာသီ သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာများ၊ ကော်ဖီတောင်သူများနှင့် တွေ့ဆုံ၍ ရှာငံဒေသထွက် ကော်ဖီသည် နာမည်ကောင်းရရှိပြီးဖြစ်သည့် အားလျော်စွာ ဆွတ်ခူးပြီးနောက်ပိုင်း လိုက်နာဆောင်ရွက်ရမည့် နည်းပညာနှင့် လုပ်ငန်းသုံးကိရိယာများ အသုံးပြုနိုင်ရေး ပံ့ပိုးပေးခြင်းဖြင့် ဈေးကွက်ဝင်ဈေးကောင်းရရှိရေးကို သက်ဆိုင်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသမျိုးရင်း ကော်ဖီမျိုးများ ထိန်းသိမ်းရေး၊ ကော်ဖီမျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးနိုင်ရေး၊ တောင်သူများစုဖွဲ့ပြီး အသေးစား စက်မှုလုပ်ငန်းဈေးငွေဖြင့် အဆင့်မြင့်စက်ကိရိယာများ အသုံးပြုနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သော နည်းပညာအကူအညီများ ပံ့ပိုးကူညီပေးခြင်းများကို သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် တောင်သူများ စုစည်းညီညွတ်စွာ ကြိုးပမ်းကြခြင်းဖြင့် ဈေးကွက်တွင် ရှာငံကော်ဖီ ထိုးဖောက်ဝင်ရောက်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် ကော်ဖီသီးမှည့် အခွံချွတ်စက်ကို ရှာငံကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ ကော်ဖီတောင်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ပင်လယ်ရေ မျက်နှာပြင်အထက် ၄၀၈၂ ပေ ရှိသော ရှာငံမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၂၀ ကျော်ရှိ၍ ကော်ဖီစိုက်သည့်ကျေးရွာပေါင်း ၈၀ ခန့်မှ ကော်ဖီစိုက်ဧကပေါင်း ၈၀၀၀ ခန့်ရှိပြီး ကော်ဖီဆံမှာ နှစ်စဉ် ပျမ်းမျှ တန် ၇၀၀ မှ ၁၀၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှာငံမြို့နယ် ဆင်နက်ချောင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စေတနာမျှဝေခြင်း အစီအစဉ်အရ ဝန်ကြီးဌာနမိသားစုများ စုပေါင်းလှူဒါန်းသော စက်ရေတွင်း၊ ရေတင်စက်ရုံ၊ ရေလှောင်ကန်၊ ရေတွန်းစက်နှင့် ရေပိုက်လိုင်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ကျေးဇူးတင်စကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အလှူရှင်ဝန်ကြီးဌာန မိသားစုများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆင်နက်ချောင်ကျေးရွာ၌ လှူဒါန်းသော ခြောက်လက်မစက်ရေတွင်းမှာ တွင်းအနက် ပေ ၆၀၀ ရှိပြီး တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ ထွက်ရှိကာ ကျေးရွာရှိ အိမ်ထောင်စု ၁၇၀ မှ လူဦးရေ ၇၆၅ ဦးနှင့် ကျွဲ၊ နွားကောင်ရေ ၂၀၀ တို့အတွက် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေကို ဖူလုံစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂက ဦးဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့မှုနှင့်စပ်လျဉ်းပြီး သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော်  စက်တင်ဘာ ၆**

မန္တလေးတက္ကသိုလ်တွင် Food Court ဖွင့်လှစ်သည့်ကိစ္စနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး မန္တလေး တက္ကသိုလ်ကျောင်းသားများသမဂ္ဂ သပိတ်ဦးဆောင်ကော်မတီက သပိတ်စခန်းဖွင့် ဆန္ဒဖော်ထုတ်ခဲ့မှုနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြည်ထောင်စုဝန်ကြီးထံ နှုတ်ဖြင့်တင်ပြ**

သတင်းစာရှင်းလင်းပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲသည် မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ သပိတ်ဦးဆောင်ကော်မတီက သပိတ်စခန်းဖွင့်ပြီး ဆန္ဒဖော်ထုတ်ခဲ့မှုအကြောင်းရင်းနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှု အခြေအနေများကို သတင်းမီဒီယာများအား အသိပေးလို၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မန္တလေးတက္ကသိုလ်တွင် သုတေသနစာတမ်းဖတ်ပွဲများနှင့် နိုင်ငံတကာညီလာခံများ ဆောင်ရွက်ရာတွင် တက်ရောက်လာသူများအတွက် ဧည့်ခံစားသောက်မှု အဆင်ပြေစေရန် Food Court တစ်ခု ဖွင့်လှစ်နေသည်ဟု သိရှိရပါကြောင်း၊ အဆိုပါ Food Court ဖွင့်လှစ်ရေးဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိခြင်းတို့ကြောင့် မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့က ၂-၈-၂၀၁၉ ရက်နေ့တွင် မန္တလေးတက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် မျိုးဆက်သစ်လူရည်ချွန်များအဖွဲ့ (ဗဟို) Welcoming Conference အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးထံ နှုတ်ဖြင့်တင်ပြခဲ့ပါကြောင်း။

ထိုတင်ပြချက်အရ ပညာရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးတက္ကသိုလ်တွင် Food Court စားသောက်ဆိုင်တည်ဆောက်ဖွင့်လှစ်သည့် ကိစ္စနှင့်ပတ်သက်၍ အချက်အလက် အထောက်အထားများဖြင့် ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်အကဲဖြတ်တင်ပြရန် စိစစ်အကဲဖြတ်ရေးအဖွဲ့ကို မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး(ဥက္ကဋ္ဌ)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်၊ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အေးအေးထွန်းနှင့် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာမာချို တို့ ပါဝင်သောအဖွဲ့အား ဩဂုတ် ၆ ရက်တွင် ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် Food Court ဖွင့်လှစ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂ ရက်မှ စတင်ပြီး မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ သပိတ်ဦးဆောင်ကော်မတီကဦးဆောင်၍ သပိတ်စခန်းဖွင့်ကာ ဆန္ဒဖော်ထုတ်ခဲ့ပါကြောင်း။

**အချက် ငါးချက်ကို အဓိကထားဆွေးနွေး**

ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စက်တင်ဘာ ၄ ရက် ည ၉ နာရီ မိနစ် ၂၀ တွင် ဒေါက်တာဆင့်စိုး၊ ဒေါက်တာကျော်ကျော်ခေါင်နှင့် ဒေါ်မာမာချို ပါဝင်သည့် စိစစ်အကဲဖြတ်ရေးအဖွဲ့နှင့် ဆန္ဒထုတ်ဖော်ကျောင်းသား ခုနစ်ဦးပါသည့်အဖွဲ့တို့ မန္တလေးတက္ကသိုလ်တွင်တွေ့ဆုံ၍ ဆန္ဒထုတ်ဖော်ကျောင်းသားများ၏ တောင်းဆိုသည့် အချက် ငါးချက်ကို အဓိကထားဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် အချက်အလက် အထောက်အထားများဖြင့် ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်အကဲဖြတ်တင်ပြရန် စိစစ်အကဲဖြတ်ရေးအဖွဲ့ကို တရားဝင်ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ ဆန္ဒထုတ်ဖော်ကျောင်းသားများ တောင်းဆိုထားသည့် အချက် ငါးချက်ကို စိစစ်ဆောင်ရွက်ရာတွင် အဓိကအရေးကြီးသည့် မှန်ကန်မျှတသော စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းရေး ဆောင်ရွက်လျက်ရှိသည်ဟု အသိပေးပြောကြားခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက နိုင်ငံတော်သမ္မတညွှန်ကြားချက်အား ချိုးဖောက်ပြီး ၎င်းနှင့် ရင်းနှီးကျွမ်းဝင်သည့်လုပ်ငန်းရှင်အား Food Court လုပ်ပိုင်ခွင့်ပေးထားသည့်ကိစ္စအား ပြင်းထန်စွာ အရေးယူပေးပါရန် တင်ပြခြင်းကိစ္စနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၅ ရက်တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်မြတ်ကျော်စိန်တို့ပါဝင်သည့် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဌာနဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သတင်းမီဒီယာများအနေဖြင့် ပွင့်ပွင့်လင်းလင်း မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မိတ္ထီလာ၌ (၁၃၆)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၆**

မိတ္ထီလာမြို့၌ (၁၃၆)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ နံနက် ၆ နာရီက အဆိုပါစေတီတော် တန်ဆောင်းနှင့် မုခ်ဦးအနီးတွင် ကျင်းပကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ဖောင်တော်ဦးစေတီတော်တန်ဆောင်းအတွင်းရှိ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်အား ဗုဒ္ဓဘိသေကအနေကဇာတင်ခြင်းကို နိုင်ငံတော်သြဝါဒါစရိယ အသောကာရုံ ရေလည်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တလာဘာဝတ အမှူးပြုသော ပင့်သံဃာတော် ၁၀ ပါးတို့က ပြုတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တလာဘာဝတ အမှူးပြုသော သံဃာတော်များအား အရုဏ်ဆွမ်းကို ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုနှင့် စေတနာရှင်၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းပြီး ရေစက်ချတရားတော်ကို နာယူကြသည်။

ဆက်လက်၍ (၁၃၆)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မုခ်ဦးအနီးတွင်ကျင်းပရာ ပွဲတော်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးသန်းဌေးဦး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုနှင့် မြို့မိမြို့ဖ ဦးကျော်ဇေယျတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုနှစ် မိတ္ထီလာမြို့(၁၃၆)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ဆွမ်းသပိတ်လောင်းလှူပွဲ၊ လှေပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ချားရဟတ်များ၊ ဘုရားပွဲဈေးဆိုင်ခန်းများနှင့် ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၄ ရက် (တော်သလင်းလပြည့်ကျော် ၁ ရက်နေ့)အထိ လှေပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ဘူးသီးတောင်မြို့နယ် စည်တောင်ကျေးရွာနှင့် ရေခေါင်းချောင်းကျေးရွာအကြားတွင် ရဟတ်ယာဉ်တစ်စင်း ခေတ္တဆင်းသက်ရပ်နား

**နေပြည်တော် စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်တောင်ကျေးရွာနှင့် ရေခေါင်းချောင်းကျေးရွာအကြား စားကျက်မြေ၌ ယနေ့နံနက် ၁၁ နာရီခန့်တွင် ရဟတ်ယာဉ်တစ်စင်း ခေတ္တဆင်းသက်ရပ်နားခဲ့ကြောင်း သိရသည်။

**ရာသီဥတုဆိုးရွားမှုကြောင့်**

အဆိုပါရဟတ်ယာဉ်မှာ အင်ဒိုနီးရှားနိုင်ငံ သစ်တောမီးလောင်မှုသို့ သွားရောက်ကူညီမည့် နီပေါနိုင်ငံမှ Mi-8-MTV-1 အမျိုးအစား ရဟတ်ယာဉ်တစ်စင်းဖြစ်ကာ ပျံသန်းစဉ် ရာသီဥတုဆိုးရွားမှုကြောင့် ယခုကဲ့သို့ အရေးပေါ်ဆင်းသက်ရခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်-ရန်ကုန်-ထိုင်း ခရီးစဉ်ပျံသန်းရန်အတွက် မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်ပျံသန်းခွင့်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဆင်းသက်ရပ်နားခွင့်တို့ကိုလည်း အင်ဒိုနီးရှားနိုင်ငံသံရုံးမှတစ်ဆင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့သို့ တရားဝင်ဖြတ်ကျော် ပျံသန်းဆင်းသက်ရပ်နားခွင့် တင်ပြတောင်းခံထားသည့် ရဟတ်ယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် ရာသီဥတု ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆင်းသက်ခဲ့သည့်နေရာမှ ဆက်လက်ပျံသန်းခဲ့ရာ စစ်တွေလေဆိပ်သို့ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ရောက်ရှိခဲ့ပြီး**(ယာပုံ)** ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





# တိုင်းဒေသကြီးနှင့် ပြည်နယ် U-17 ဘောလုံး (အမျိုးသား)ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-17 ဘောလုံး (အမျိုးသား)ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ပွဲစဉ်များအဖြစ် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၁)၌ မွန်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေ ရလဒ်ဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

စက်တင်ဘာ ၇ ရက်တွင် အုပ်စုပွဲစဉ်များအဖြစ် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(၁)၌ ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးအားကစား စိတ်ပါဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကြည်စိုးလင်း**

**✻ ၂၀၂၀ အာရှ ယူ-၁၆ မှ**

ဟိန်းထက်ဇော်ဝင်း၊ မင်းခန့်သူ (မြန်မာဘောလုံးအကယ်ဒမီ-ပုသိမ်)တို့ပါဝင်ကြသည်။ မြန်မာအသင်းသည် အာရှခြေစစ်ပွဲယှဉ်ပြိုင်ရန် ဩဂုတ် ၇ ရက်မှစ၍ လေ့ကျင့်ပြင်ဆင်ခဲ့ပြီး နည်းပြသစ် ဦးမင်းသူကိုလည်း ယခုခြေစစ်ပွဲအတွက် အသစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် အာရှခြေစစ်ပွဲမတိုင်မီ ဖိတ်ခေါ်ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေပြီး ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့၌ကျင်းပသည့် လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယင်းဖိတ်ခေါ်ပြိုင်ပွဲများအပြီးတွင် စက်တင်ဘာ ၂ ရက်မှစ၍ ပဏာမကစားသမား ၂၇ ဦးဖြင့် ပြန်လည်လေ့ကျင့်လျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ထားသောကြောင့် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၁၆ ခြေစစ်ပွဲကို အုပ်စု (၁၁) ခု ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (K) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပကာ စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်(တိုင်ပေ)အသင်းတို့နှင့် ပါဝင်နေသည်။ ယင်းခြေစစ်ပွဲအုပ်စုပွဲများကို စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာ အကောင်းဆုံးလေးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၁၈ ရက်တွင် ထိုင်းအသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် တရုတ်(တိုင်ပေ)အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**




**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၆**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

# ဘရီးဇစ်အရေးနှင့်ပတ်သက်ပြီး အောင်မြင်မှုရရန် ဘောရစ်ဂျွန်ဆင်ကြိုးပမ်း



**လန်ဒန် စက်တင်ဘာ ၆**
ဘရီးဇစ်အရေးနှင့်ပတ်သက်ပြီး အရေးမလှဖြစ်ပြီးနောက် ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်အနေဖြင့် နိုင်ငံရေးအရ ပြန်လည်နာလန်ထူနိုင်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

၎င်းအနေဖြင့် ဗြိတိန် ဥရောပသမဂ္ဂမှ ထွက်ရေး၊ မထွက်ရေးနှင့်စပ်လျဉ်းပြီး စောစီးစွာ အဖြေရနိုင်ရန် ကြားဖြတ်ရွေးကောက်ပွဲကို အလျင်အမြန် ကျင်းပစေချင်သော ဆန္ဒရှိနေသည်။ ဂျွန်ဆင်သည် စကော့တလန်တွင် ၎င်းအား ၂၀၁၆ ဘရီးဇစ်ဆိုင်ရာ လူထုဆန္ဒခံယူပွဲတွင် ထောက်ခံခဲ့သူများနှင့် သောကြာနေ့က တွေ့ဆုံခဲ့သည်။

လန်ဒန်ရှိတရားရုံးချုပ်က ဂျွန်ဆင်၏ပါလီမန် ရပ်နားမည့် ဆုံးဖြတ်ချက်ကို ပယ်ချခဲ့သော်လည်း ၎င်းအနေဖြင့် အားပေးထောက်ခံမှုကို ရခဲ့သည်။ သို့သော် ၎င်းကိစ္စအား ဗဟိုတရားရုံးသို့ စက်တင်ဘာ ၁၇ ရက်တွင် အယူခံဝင်ရန် ခွင့်ပြုထားသည်။ "ကျွန်မနဲ့ ကျွန်မရဲ့ဥပဒေ အဖွဲ့အနေနဲ့က တော့ ဒီမိုကရေစီအတွက် အရှုံးမပေးဘဲ တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်"လို့ အီးယူထောက်ခံသူ ဂျီနာမီလာက သတင်းထောက်များအား ပြောကြားသည်။ အထက်လွှတ်တော်တွင်လည်း ဗြိတိန် ဥရောပသမဂ္ဂမှ ထွက်ခွာရေးအား နှောင့်နှေးစေမည့် ဥပဒေတစ်ရပ်ကို ပြင်ဆင်လျက်ရှိပြီး ဂျွန်ဆင်က ထိုဥပဒေကို လက်နက်ချခြင်းဟု အမည်တပ်ခဲ့သည်။ တစ်ဖက်တွင်လည်း အတိုက်အခံပါတီများနှင့် ကွန်ဆာဗေးတစ်များက အဆိုပါဘရီးဇစ်အရေး နှောင့်နှေးစေမည့်ဥပဒေ ထွက်ပေါ်လာရန် အပြင်းအထန်ဆောင်ရွက်နေကြသည်။ "ကျွန်တော်ထင်တာကတော့ သူတို့ဟာ နိုင်ငံရေးအရ အမှားကျူးလွန်ဖို့ ကြိုးစားနေကြတာ"ဟု ဂျွန်ဆင်က ပြောကြားသည်။ တတိယအကြိမ် ဘရီးဇစ်အရေးနှောင့်နှေးမှုကို မိမိလက်ခံမည် မဟုတ်ကြောင်း ဂျွန်ဆင်က ဆိုသည်။

ဂျွန်ဆင်ရာထူးမှ နုတ်ထွက်သွားစေရန် အတိုက်အခံလေဘာပါတီနှင့် ၎င်းအားထောက်ခံသော အဖွဲ့ငယ်များက နည်းလမ်းရှာဆွဲပြီး ဆောင်ရွက်နေသည်။ အောက်တိုဘာ ၁၇ ရက်တွင် ဘရပ်ဆဲလ်၌ ကျင်းပမည့် အစည်းအဝေးတွင် ဘရီးဇစ်နှင့်ပတ်သက်ပြီး သဘောတူညီချက်ရရှိမည်ဟု မိမိယုံကြည်ထားကြောင်း ဂျွန်ဆင်က ဆိုသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် အမေရိကန်နှင့် တူရကီရဟတ်ယာဉ်များ ပူးပေါင်းပျံသန်း

**အန်ကာရာ စက်တင်ဘာ ၆**
ဆီးရီးယားနိုင်ငံမြောက်ဘက်ပိုင်းဒေသရှိ အမေရိကန်နှင့် တူရကီနိုင်ငံတို့က လုံခြုံရေးဇုန်အဖြစ် စီစဉ်ထားသည့် နယ်မြေဒေသအပေါ်တွင် တူရကီစစ်ဘက်မှ ရဟတ်ယာဉ်နှစ်စင်းနှင့် အမေရိကန်စစ်ဘက်မှ ရဟတ်ယာဉ်နှစ်စင်းတို့ စက်တင်ဘာ ၅ ရက်တွင် ပူးတွဲပျံသန်းမှုပြုလုပ်ခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆီးရီးယားနိုင်ငံအတွင်း ယူဖရေးတီးစ်မြစ်၏ အရှေ့ဘက်ကမ်းရှိ လုံခြုံရေးဇုန်အဖြစ် သတ်မှတ်ထားသည့် နယ်မြေဒေသအတွင်း ပထမအဆင့်လုပ်ဆောင်မှုအဖြစ် တူရကီစစ်ဘက်မှ ရဟတ်ယာဉ်နှစ်စင်းနှင့် အမေရိကန်စစ်ဘက်မှ ရဟတ်ယာဉ်နှစ်စင်းတို့ ပူးတွဲပျံသန်းခဲ့သည်ဟု တူရကီကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် တူရကီနှစ်နိုင်ငံတို့သည် ဩဂုတ် ၂၇ ရက်တွင် ယင်းဒေသတွင်း၌ ပထမဆုံးအကြိမ်အဖြစ် လေကြောင်းမှ ပျံသန်းထောက်လှမ်းမှုကို လုပ်ဆောင်ခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီး ဟူလူစီအက်ကာက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းဒေသတွင် လုံခြုံရေးဇုန်တစ်ခုတည်ထောင်ရန် အမေရိကန်နှင့် တူရကီနှစ်နိုင်ငံတို့ ဩဂုတ် ၇ ရက်တွင် သဘောတူညီခဲ့ကြပြီး ယင်းသဘောတူညီချက်အရ ယင်းဒေသတွင် ငြိမ်းချမ်းရေးစင်္ကြံတစ်ရပ် ထူထောင်မည်ဖြစ်သည်။

ယင်းလုံခြုံရေးဇုန်တည်ထောင်မှုသည် လတ်တလောတွင် ဇာတိနယ်မြေဖြစ်သော ဆီးရီးယားနိုင်ငံတွင်းမှ တူရကီနိုင်ငံတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်နေထိုင်သူများ ဌာနေပြန်ရေးအကြောင်းနှင့်လည်း ဆက်နွှယ်လျက်ရှိသည်။

အမေရိကန်နှင့် သဘောတူညီမှုရရှိထားသည့် လုံခြုံရေးဇုန်တည်ထောင်ရေး သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တူရကီ မောင်းသူမဲ့လေယာဉ်များသည် စက်တင်ဘာ ၄ ရက်တွင် ဆီးရီးယားနိုင်ငံ



မြောက်ဘက်ပိုင်း၌ ပျံသန်းမှုများ စတင်ပြုလုပ်ခဲ့သည်။

အမေရိကန်နှင့် တူရကီ ပူးပေါင်းတပ်ဖွဲ့များသည် ယူဖရေးတီးစ်မြစ်အရှေ့ပိုင်းတွင် ပူးတွဲကင်းလှည့်မှုများ မကြာမီ စတင်ပြုလုပ်မည်ဖြစ်ကြောင်း တူရကီသမ္မတအာဒိုဂန်၏ ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင် ကာလင်က ဩဂုတ်လအစောပိုင်းတွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# အာဖဂန်နစ္စတန်တွင် ကားဗုံးများပေါက်ကွဲမှုကြောင့် အနည်းဆုံး အရပ်သား ၁၄ ဦး သေဆုံး



**ကဘူး စက်တင်ဘာ ၆**
အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးအပါအဝင် အနီးဝန်းကျင်စီရင်စုတစ်ခုတို့၌ ဗုံးများပေါက်ကွဲခဲ့ရာ အနည်းဆုံး အရပ်သား ၁၄ ဦး သေဆုံးခဲ့ပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများကို တာလီဘန် အကြမ်းဖက်အဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာဆိုသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကဘူးမြို့ရှိ အမေရိကန်နှင့် အခြားနိုင်ငံသံရုံးများ အခြေစိုက်ရာ သံတမန်ရပ်ကွက်၌ ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။

အဆိုပါကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး အရပ်သား ၁၀ ဦး သေဆုံးခဲ့ပြီး ၄၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။

ယင်းကားဗုံးပေါက်ကွဲခဲ့ပြီးနောက် သုံးနာရီအကြာတွင် ကဘူးမြို့အနီး လိုဂါစီရင်စုတွင် ကားဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ရာ လူလေးဦး သေဆုံးခဲ့ပြီး ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တာလီဘန်အကြမ်းဖက်အဖွဲ့က အဆိုပါကားဗုံးများသည် နိုင်ငံခြားသားများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ပစ်မှတ်ထားခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယခုအချိန်တွင် အမေရိကန်ငြိမ်းချမ်းရေးဖော်ဆောင်သူများနှင့် တာလီဘန်ခေါင်းဆောင်များအကြား အာဖဂန်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးလျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀၀ အနက် ၅၀၀၀ ခန့်ကို ရက်ပေါင်း ၁၃၅ ရက်အတွင်း အာဖဂန်မှ ဆုတ်ခွာပေးရန် တာလီဘန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြောင်း အမေရိကန်ငြိမ်းချမ်းရေးဖော်ဆောင်သူတစ်ဦးက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဇင်ဘာဘွေ သမ္မတဟောင်း ရောဘတ်မူဂါဘီ ကွယ်လွန်

**ဟာရာရေး စက်တင်ဘာ ၆**
ဇင်ဘာဘွေသမ္မတဟောင်း ရောဘတ်မူဂါဘီ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဇင်ဘာဘွေသမ္မတ အီမာဆန်မန်ဂါဂါဝါက စက်တင်ဘာ ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ သမ္မတဟောင်း ရောဘတ်မူဂါဘီသည် ကွယ်လွန်ချိန်တွင် အသက်(၉၅) နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ဇင်ဘာဘွေနိုင်ငံအား ၃၇ နှစ်ကြာ အုပ်ချုပ်ခဲ့သူဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ဇင်ဘာဘွေစစ်ဘက်မှ အာဏာသိမ်းယူခဲ့ကာ ၎င်းကို ရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံအား တည်ထောင်သူ ဖခင်ကြီးဖြစ်သည့် သမ္မတဟောင်း ရောဘတ်မူဂါဘီ ကွယ်လွန်သွားခြင်းကို အလွန်ဝမ်းနည်းကြေကွဲစွာဖြင့် ထုတ်ပြန်ကြေညာအပ်ကြောင်း ဇင်ဘာဘွေသမ္မတ အီမာဆန်မန်ဂါဂါဝါက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။

သမ္မတဟောင်း ရောဘတ်မူဂါဘီသည် ဂရင်းနစ်စံတော်ချိန် ဝ၂း၄၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းသည် ယခုနှစ် ဧပြီလအတွင်းကပင် ဆေးရုံတက်ကုသမှုခံယူနေခြင်းဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံမှ ဇင်ဘာဘွေသံတမန်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

သမ္မတဟောင်း ရောဘတ်မူဂါဘီသည် ဇင်ဘာဘွေပြည်သူများ လွတ်မြောက်ရေးနှင့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရရှိရေးအတွက် ၎င်း၏ဘဝတစ်ခုလုံးကို နှစ်မြှုပ်လုပ်ဆောင်ခဲ့သူဖြစ်ပြီး ၎င်းသည် အာဖရိက တစ်တိုက်လုံးအတွက် လွတ်မြောက်ရေး၏ ထင်ရှားသည့် စံပြပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ဇင်ဘာဘွေနိုင်ငံနှင့် အာဖရိကတစ်တိုက်လုံး၏ သမိုင်းတွင် သမ္မတဟောင်း မူဂါဘီ၏ ပါဝင်လုပ်ဆောင်ခဲ့မှုများအား ဘယ်သောအခါမှ မေ့ပျောက်မရနိုင်ကြောင်း ဇင်ဘာဘွေသမ္မတ မန်ဂါဂါဝါက တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြသည်။

ရောဘတ်မူဂါဘီသည် ဗြိတိန်နိုင်ငံထံမှ ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၈၀ ပြည့်နှစ်မှစ၍ နိုင်ငံခေါင်းဆောင်ဖြစ်လာခဲ့ပြီး ၂၀၁၇ ခုနှစ် စစ်ဘက်မှ အာဏာသိမ်းမှုဖြစ်ပေါ်သည်အထိ ဇင်ဘာဘွေနိုင်ငံအား ဆယ်စုနှစ် လေးခုနီးပါး အုပ်စိုးခဲ့သူဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**



# အမေရိကန်က ယူကရိန်းသို့ ဒေါ်လာ သန်း ၂၅၀ တန်ကြေးရှိ လုံခြုံရေးအကူအညီ ပံ့ပိုးကူညီမည်

ကိယက်ဗ် စက်တင်ဘာ ၆

**အမေရိကန်အစိုးရက ယူကရိန်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၂၅၀ တန်ကြေးရှိ လုံခြုံရေးအကူအညီပေးအပ်ရန် ရည်ရွယ်ကြောင်း အမေရိကန် အထက်လွှတ်တော်အမတ်များဖြစ်သည့် ရွန်ဂျွန်ဆင်နှင့် ခရစ်မာဖီတို့က စက်တင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။**



အကူအညီပေးမည့် ကြေညာချက်ကို ယမန်နေ့က ယူကရိန်းသမ္မတ ဗိုလိုဒီမြာဇီလန်စကီးနှင့်တွေ့ဆုံပြီးနောက် ပြုလုပ်သည့် ၎င်းတို့နှစ်ဦး၏ ရှင်းလင်းပွဲအခမ်းအနားတစ်ခု၌ ကြေညာခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းသတင်းဌာန Interfax Ukraine ၏ သတင်းတစ်ပုဒ်အရ သိရသည်။ "ကျွန်တော်တို့နှစ်ယောက် သမ္မတထရန့်နဲ့ တွေ့ဆုံခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း ယူကရိန်းနိုင်ငံကို အကူအညီပေးရာမှာ ဒီငွေကိုအသုံးပြုဖို့ တိုက်တွန်းထားတဲ့ စာတစ်စောင်သူ့ကို ပေးခဲ့ပါတယ်"ဟု ဂျွန်ဆင်က ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဤအစီအစဉ် မဖြစ်လာလျှင်ပင် သူ၏မိတ်ဆွေ ခရစ်မာဖီမှာ ဘတ်ဂျက်ကော်မတီမှဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်တွင် ထိုငွေကြေးအကူအညီ ပံ့ပိုးပေးမည့် သင့်တော်သော ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန် လုပ်ဆောင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်တွင် အမေရိကန်နိုင်ငံက လုံခြုံရေးနှင့်ကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲမှု၊ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီ အစရှိသော နယ်ပယ်စုံတွင် ယူကရိန်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့် ကူညီပေးခဲ့ကြောင်း ယူကရိန်းနိုင်ငံရှိ အမေရိကန်သံရုံးမှ တာဝန်ရှိသူ ဂျွန်ရှပ်တဲက စောစောပိုင်းတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် ၂၀၁၄ ခုနှစ်နောက်ပိုင်း အမေရိကန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ ပေးအပ်ခဲ့သည့် လုံခြုံရေးရာအကူအညီမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ ရှိလာမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန် - ကျော်ထိုက်စိုး**

## ရေကြီးရေလျှံမှု၊ မြေပြိုမှုကြောင့် ဗီယက်နမ်တွင် ငါးဦးသေ၊ သုံးဦးပျောက်ဆုံး

**ဟနွိုင်း စက်တင်ဘာ ၆**

လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ကြာသပတေးနေ့ မွန်းလွဲပိုင်းမှစ၍ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် ဟာတင်းပြည်နယ် အလယ်ပိုင်းတွင် သုံးဦး၊ ကွမ်ဘင်းပြည်နယ်တွင် တစ်ဦး၊ မြောက်ပိုင်းလောကိုင်ပြည်နယ်တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ သဘာဝဘေးတုံ့ပြန်ရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာအမျိုးသားကော်မတီက သောကြာနေ့တွင် ပြောကြားသည်။

ပျောက်ဆုံးနေသူ သုံးဦးအနက် နှစ်ဦးမှာ လောကိုင်ပြည်နယ်မှဖြစ်ပြီး ကျန်တစ်ဦးမှာ ကွမ်ဘင်းပြည်နယ်မှ ဖြစ်သည်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် အပူပိုင်းလေဖိအားနည်းရပ်ဝန်းကြောင့် ငယ်အန်းပြည်နယ်မှသည် ကွမ်ထရီပြည်နယ်အထိ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဒေသအတော်များများတွင် ရေကြီးရေလျှံမှု အချို့ဖြစ်ပေါ်ခဲ့ကြောင်း ယင်းကော်မတီက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ သဘာဝဘေးအန္တရာယ်များ အထူးသဖြင့် တိုင်ဖွန်းမုန်တိုင်းများ၊ ရုတ်တရက်ရေကြီးရေလျှံမှုများ၊ လေပွေလေဝဲများ၊ မြေပြိုမှုများကြောင့် ဗီယက်နမ်နိုင်ငံတွင် လူ ၇၅ ဦး သေဆုံးသို့မဟုတ် ပျောက်ဆုံးခြင်း၊ အခြား ၇၇ ဦး ဒဏ်ရာရရှိခြင်း၊ အိမ် ၆၈၅ လုံး ပျက်စီးဆုံးရှုံးခြင်း၊ အခြားအိမ် ၁၉၀၀၀ ကျော် ထိခိုက်ပျက်စီးခြင်း၊ စပါးနှင့် အခြားသီးနှံစိုက်ပျိုးမြေ ဟက်တာ ၃၆၈၀၀ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် ဆုံးရှုံးမှုတန်ဖိုးဗီယက်နမ်ဒေါင် ၂၂၀၀ ဘီလီယံ အမေရိကန်ဒေါ်လာ (၉၅ ဒသမ ၆ သန်း) ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံး၏အဆိုအရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအများဆုံးခံစားရသည့် နိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မုန်တိုင်းခြောက်ခု သို့မဟုတ် ခုနစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏အဆိုအရ သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**



## ရေနံဈေးကွက်တည်ငြိမ်ရေး ဆော်ဒီအိမ်ရှေ့မင်းသားနှင့် အီရတ်ဝန်ကြီးချုပ် ဆက်သွယ်ဆွေးနွေး

**ရီယတ် စက်တင်ဘာ ၆**

ဆော်ဒီအာရေဗျနိုင်ငံ၏ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆာလ်မန် အယ်လ်ဆောက်သည် ရေနံဈေးကွက်တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ စက်တင်ဘာ ၅ ရက်က အီရတ်ဝန်ကြီးချုပ် အာဒယ်လ်အဗ္ဗဒူလ်မာဒီနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆော်ဒီ အိမ်ရှေ့မင်းသားနှင့် အီရတ်ဝန်ကြီးချုပ်တို့ ဆက်သွယ်ဆွေးနွေးစဉ် နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နိုင်ငံတကာ ရေနံဈေးကွက်၌ တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ညှိနှိုင်းဆောင်ရွက်မှုရရှိရေးအပေါ် အလေးထားဆွေးနွေးခဲ့ကြကြောင်း ဆော်ဒီနိုင်ငံပိုင် သတင်းအေဂျင်စီက ဖော်ပြထားသည်။



**အီရတ်ဝန်ကြီးချုပ် အာဒယ်လ်အဗ္ဗဒူလ်မာဒီနှင့် ဆော်ဒီအာရေဗျနိုင်ငံ၏ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆာလ်မန် အယ်လ်ဆောက်တို့ ယခုနှစ် ဧပြီလအတွင်းက တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကို တွေ့ရစဉ်။**

ဆော်ဒီအာရေဗျ နိုင်ငံသည် ပင်လယ်ကွေ့ဒေသအတွင်း တင်းမာမှုအရှိန်မြင့်မားနေစဉ် ရေနံဈေးကွက်တည်ငြိမ်ရေးနှင့် ရေနံဈေးကွက် တိုးတက်မှုရရှိရေးအတွက် အဓိက ရေနံထုတ်လုပ်သည့် နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအား ရေနံတင်ပို့ရောင်းချခြင်းမှ ပိတ်ပင်တားမြစ်မှုနှင့် နျူကလီးယားသဘောတူစာချုပ်၌ ညှိနှိုင်းဆောင်ရွက်ရန် အီရန်နိုင်ငံအပေါ် ဖိအားပေးမှုအရှိန်တိုးမြှင့်လာခြင်းကြောင့် ပင်လယ်ကွေ့ဒေသတွင် တင်းမာမှုများ အရှိန်မြင့်မားလာခဲ့ခြင်းဖြစ်သည်။

ဆော်ဒီ အိမ်ရှေ့မင်းသားနှင့် အီရတ်ဝန်ကြီးချုပ်တို့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ရေနံဈေးကွက် တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးပုံကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

## ဟောင်ကောင်ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ

**ဟောင်ကောင် စက်တင်ဘာ ၆**

ဟောင်ကောင်အစိုးရက ပြည်သူများဆန့်ကျင်သည့် ဥပဒေကြမ်းတစ်ရပ်ကို အပြီးတိုင်ပယ်ဖျက်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့ပြီးသော်လည်း ဆန္ဒထုတ်ဖော်သူများက ကျေနပ်မှုမရှိသေးဘဲ ဆန္ဒထုတ်ဖော်မှုများကို ဆက်လက်လုပ်ဆောင်သွားရန် ကြိုးပမ်းလျက်ရှိသည်။

ဟောင်ကောင်အုပ်ချုပ်ရေးအကြီးအကဲ ကာရီလမ်က ဆန္ဒထုတ်ဖော်မှုများကို ဖြစ်ပေါ်စေခဲ့သည့် ဟောင်ကောင်ရာဇဝတ်မှု ကျူးလွန်သူများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရားစီရင်ရမည့် ဥပဒေကြမ်းကို အပြီးတိုင်ပယ်ဖျက်မည်ဟု စက်တင်ဘာ ၄ ရက်က တရားဝင်ကြေညာခဲ့သည်။

ဆန္ဒထုတ်ဖော်သူများက ၎င်းတို့တောင်းဆိုထားသည့် အချက်ငါးချက်ကို အစိုးရက လိုက်လျောပေးသည့်တိုင် ဆန္ဒထုတ်ဖော်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူတစ်ဦးက ဆိုသည်။

စက်တင်ဘာ ၅ ရက်မွန်းလွဲပိုင်းတွင် ဆန္ဒထုတ်ဖော်သူများက မြို့တွင်းလမ်းမများသို့ ချီတက်ဆန္ဒထုတ်ဖော်ရန် ဘူတာရုံတစ်ခုအနီး စုဝေးခဲ့သည့်အတွက် ဟောင်ကောင်လုံခြုံရေးအရာရှိ အများအပြားကို တပ်ဖြန့်ထားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ရန်ကုန်မြစ်အတွင်း သင်္ဘောတစ်စင်းရေဝင်နစ်မြုပ်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်မြစ်အတွင်း သမ္မတကမ်းခြေရပ်ကွက် စက်တပ်သမ္ဗန်ကူးတို့ဆိပ်အနီး၌ ယနေ့ နံနက် ၁ နာရီခွဲတွင် MV HPA-AN အမည်ရှိ သင်္ဘောရေဝင်နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အရှိန္ဒမာဘွိုင်တွင် ချည်နှောင်ထားသော MV HPA-AN အမည်ရှိ သင်္ဘောသည် ရေယာဉ် ဝမ်းဗိုက်သံပြားများဆွေးမြည့်၍ ဝမ်းဗိုက်ပေါက်ကာရေများ ဝင်ရောက်ပြီး လက်ဝဲဘက်သို့ တိမ်းစောင်းနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ နစ်မြုပ်မှုဖြစ်ပွားရာသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ နတ်သားရေယာဉ်ရောက်ရှိလာပြီး ရေယာဉ်စောင့်တာဝန်ချထားသူ နှစ်ဦးအား ကယ်ဆယ်ခြင်း၊ ရေယာဉ်နှင့် ကပ်လျက်ချည်ထားသော အရိန္ဒမာအမည်ရှိ သောင်တူးရေယာဉ် အန္တရာယ်ကင်းရှင်းစေရေး နစ်မြုပ်ရေယာဉ်အနီးမှ ထွက်ခွာခဲ့ရပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

MV HPA-AN သင်္ဘောသည် ယခင်က မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းပိုင်သင်္ဘောဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ရေယာဉ်ကြံ့ခိုင်မှုမရှိသဖြင့် ဖျက်သိမ်းခွင့်ကျခဲ့ရာ အဆိုပါရေယာဉ်အား လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။ ရေယာဉ်ကို သင်္ဘောဖျက်စက်ရုံတွင် ဖျက်ရန်အတွက် ရန်ကုန်မြစ်အတွင်း CCA (Country Crush Area)ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အရိန္ဒမာဘွိုင်တွင် ချည်နှောင်ထားခဲ့ရာ အချိန်ကာလကြာရှည်စွာ ထားခြင်းကြောင့် ဝမ်းဗိုက်အတွင်း ရေဝင်၍ လက်ဝဲဘက်သို့ တိမ်းစောင်းနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# တာချီလိတ်မြို့နယ်၌ ကဖင်း ကီလို ၁၉၅၀ နှင့် မိုးမောက်မြို့နယ်၌ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလို၊ စိတ်ကြွဆေးပြား ၃၉၉၀၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်တွင် ကဖင်းကီလို ၁၉၅၀ နှင့် မိုးမောက်မြို့နယ်တွင် ဘိန်းဖြူ သုည ဒသမ ၆၆ ကီလို၊ စိတ်ကြွဆေးပြား ၃၉၉၀၀ တို့ကို ယမန်နေ့ မွန်းလွဲပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့နယ် ကျိုင်းလပ်-တာလေကားလမ်း ကီလိုမီတာတိုင်အမှတ်(၂၂)အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျိုင်းလပ်ကျေးရွာမှ တာလေမြို့သို့ အားချီ ဝမ်ပုံကျေးရွာ မိုင်းဖြတ်မြို့နယ်နေသူ မောင်းနှင်လာသည့် Hilux ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာ ကဖင်းကီလို ၁၀၀၀ (တန်ဖိုးငွေကျပ်သိန်း ၁၀၀၀)အား သိမ်းဆည်းရမိခဲ့ကြောင်း။

ဆက်လက်၍ ကျိုင်းလပ်ကျေးရွာမှ တာလေမြို့သို့ ကျော်အောင်ကျေးရွာ တာလေမြို့နေသူ အားရို မောင်းနှင်ပြီး အားဆော် လိုက်ပါလာသည့် Hilux Vigo ယာဉ်မှာ ထပ်မံရောက်ရှိလာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အားရိုမှာ ယာဉ်ပေါ်မှ ဆင်းပြေးသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးပစ်ခတ်ရာ ၎င်းတွင် ခြေချင်းဝတ်သေနတ်ထိမှန်(မစိုးရိမ်ရ)ဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး ယာဉ်ပေါ်မှ ကဖင်းကီလို ၉၅၀ (တန်ဖိုးငွေကျပ်သိန်း ၉၅၀)အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ ကဖင်းများအား တစ်ဖက်နိုင်ငံမှတစ်ဆင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးမောက်မြို့နယ် လွယ်ဂျယ်-မိုးမောက်ကားလမ်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များသည် လွယ်ဂျယ်မှ မိုးမောက်သို့ ဉာဏ်ထွန်းလင်း(ခ)ဆန်းအောင် မြစ်ကြီးနားမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဆပ်ပြာခွက် ၆၆ ခွက်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလို(တန်ဖိုး ငွေကျပ်သိန်း ၆၆၀)နှင့် တံဆိပ်မပါ စိတ်ကြွဆေးပြား ၃၉၉၀၀(တန်ဖိုးငွေကျပ် ၇၉၈ သိန်း)အား သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။



**သတင်းစဉ်**

# ပုလော၌ ကားနှင့် ဆိုင်ကယ်တိုက်မိ၊ တစ်ဦးသေဆုံး

**ပုလော စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် စက်တင်ဘာ ၅ ရက် ည ၁၀ နာရီခွဲတွင် ယာဉ်တိုက်မှုဖြစ်ပွားကာ ပုလောမြို့ ပြည်သူ့ဆေးရုံ၌ ဒဏ်ရာရလူနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပုလောမြို့နယ် ရှပ်ပုံကျေးရွာအုပ်စု ရှပ်ပုံကျေးရွာနေ ဦးစိန်ဟိုနှင့် မောင်ကောင်းဇော်ထွေးတို့တွင်(စိုးရိမ်ရ)ဒဏ်ရာ အသီးသီးရရှိ၍ ဦးစိန်ဟိုမှာ ဆေးကုသမှုခံယူစဉ် ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထားဝယ်မြို့မှ မြိတ်မြို့သို့ ကိုဇော်သူ မောင်းနှင်လာသော ယာဉ်အမှတ် 7Q/---- Ford အမျိုးအစား ယာဉ်သည် ပုလောမြို့တံတားအနီး အရောက်တွင် ပုလောမြို့တွင်းမှ ရှပ်ပုံကျေးရွာသို့ ဦးစိန်ဟို မောင်းနှင်ပြီး သားမောင်ကောင်းဇော်ထွေး နောက်မှ လိုက်ပါလာသည့် NCX အမျိုးအစား ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် တိုက်မိ၍ ဆိုင်ကယ်တိမ်းမှောက်ကာ ဒဏ်ရာရသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်အား ပေါ့လျော့စွာ မဆင်မခြင်မောင်းသူများအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထူးဝေယံ(မြန်/ဆက်)**



# အမြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်၊ သုံးဦး ဒဏ်ရာရ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင်အမှတ် ၆၁/၆ နှင့် ၆၁/၇ ကြား၌ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားရာ ယာဉ်ပေါ်ပါလူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး ရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ယာဉ်မောင်း မအိဖြိုးဦး ဒေါပုံမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်သည် ရှေ့ဝဲဘက်ဘီးပေါက်ကာ လမ်းလယ်ကျွန်းသို့ရောက်ရှိပြီး တစ်ဖက်ယာဉ်ကြောအား ကာရံထားသည့် ဘာရီယာတုံးများအား တိုက်မိကာ လမ်းလယ်ကျွန်းရေမြောင်းနှင့် ထပ်မံတိုက်မိရပ်တန့်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**စိုးမြင့်အောင်**

# မကွေး၊ ပဲခူး၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်-CMRS ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၂ ရက်မှ ၅ ရက်အတွင်း သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာသစ်ကြီးကျေးရွာအနီး ရိုးကြီးတောတိုက်ဝန်းကျင်တစ်ဝိုက်တွင် တရားမဝင်ပျဉ်းကတိုး/သစ်ရာခွဲသား ခန့်မှန်း ငါးတန်ခန့်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်



အုတ်တွင်းမြို့နယ် အုတ်တွင်း-ပေါက်ခေါင်းလမ်းမိုင်တိုင်(၇၆/၅)၊ (၆၃/၂)အနီး ခပေါင်းကြိုးဝိုင်းအကွက်အမှတ်(၉၄)နှင့်(၅၈)တို့မှ တရားမဝင်ကျွန်း/သစ်ကဇော်(၆၃)ခွဲခြမ်း/ချောင်း ၆ ဒသမ ၂၅၅၈ တန်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အောက်မတ္တရာတိုးချဲ့ကြိုးဝိုင်း(၃၁/၆၁/၆၂) အတွင်း ဆည်တော်ကြီးကန်အနီးဝန်းကျင်တို့တွင် တရားမဝင် ပျဉ်းကတိုး၊ အင်၊ ဇောင်းပလွေး၊ သစ်မကျီး၊ ဇင်ပွန်း၊ ဖက်သန်း၊ သတီ၊ သစ်ရာသစ်ခွဲသား ၄၄ ဒသမ ၃၆၈၈ တန်၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ၏ အရှေ့ဘက် ရန်ကုန်-မန္တလေးအမြန်လမ်းဟောင်း တံတားဖြူအနီးတွင် မော်တော်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား သုည ဒသမ ၈၅၆၄ တန်အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# သထုံ၌ ရွာလမ်းအားပြုပြင်ပြီးအပြန် ရေဆင်းချိုးရာမှ ၁၀ တန်းကျောင်းသား တစ်ဦး ရေနစ်သေဆုံး

**သထုံ စက်တင်ဘာ ၆**

မွန်ပြည်နယ် သထုံမြို့ မိုးကောင်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာချောင်းအတွင်း၌ ယနေ့ နံနက် ၁၀ နာရီခန့်က မောင်တိုးထက်ဦး (၁၇)နှစ် (၁၀)တန်းကျောင်းသား အထက (ပုတိမ်ရိုးဖော်ဖ)ကလိကျွန်းကျေးရွာ သထုံမြို့နေထိုင်သူမှာ ကလိကျွန်းကျေးရွာမြောက်ပိုင်း ရွာလမ်းအားပြုပြင်ပြီး ပြန်အလာ ကလိကျွန်းချောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**



မော်ဘီမြို့နယ် ဖိုးမှတ်ထော်ကျေးရွာ မင်းရွာအုပ်စုနေပြည်သူများအား မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး မှုခင်းအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေ အသိပညာပေးဟောပြောစဉ်။

ဟန်စိုး

# ရှေ့နေနှင့် ပြန်လှန်စစ်မေးခြင်း

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ပြန်လှန်စစ်မေးခြင်းပါတဲ့။"

"ဘယ်လိုအဓိပ္ပာယ်နဲ့ ရေးတာလဲဆရာ"

"ဟုတ်ကဲ့၊ ဖတ်ကြည့်ကြပါစို့"

**ပြန်လှန်စစ်မေးခြင်း**

ပြန်လှန်စစ်မေးခြင်းဆိုတာ ဘာလဲ။ သက်သေတစ်ယောက်အား ဆန့်ကျင်ဘက်အမှုသည်က စစ်မေးခြင်းကို ပြန်လှန်စစ်မေးခြင်းဟုခေါ်သည်။ (သက်သေခံဥပဒေပုဒ်မ ၁၃၇)

**ရှေ့နေတစ်ယောက်၏ဂုဏ်ရည်**

'ပြန်လှန် စစ်မေးခြင်း' ထူးချွန်သော ရှေ့နေကို အများက အထင်ကြီးသည်။ အမှုအနိုင် အရှုံး အဆုံးအဖြတ်ပေးနိုင်သောကြောင့် ဖြစ်သည်။ ရှေ့နေတစ်ယောက်၏ ဂုဏ်ရည်မှာ ပြန်လှန်စစ်မေးခြင်းပါ။ ထို့ကြောင့် ဤဆောင်းပါးကို ကျွန်တော်ရေးသည်။

**အထိရောက်ဆုံးလက်နက်**

ပြန်လှန်စစ်မေးခြင်းသည် လူတစ်ယောက်၏ထွက်ဆိုချက် မှန်၊ မမှန် စမ်းသပ်ရာတွင် အထိရောက်ဆုံးခေတ်ပေါ်လက်နက်တစ်ခုဖြစ်သည်။ ပြန်လှန်စစ်မေးခြင်းမှာ တိုက်ခိုက်သည့်ဓားဟုဆိုလျှင်လည်း မှန်သည်။ ခုခံသည့်ဒိုင်းဟုပြောလျှင်လည်း ရသည်။ ပြန်လှန်စစ်မေးခြင်းကို တတ်ကျွမ်းသူသည် ရှေ့နေပညာကို တတ်ကျွမ်းသူဟု ခေါ်နိုင်သည်။

**မုံရွာဦးတင်ရွှေ**

တရားလွှတ်တော်ရှေ့နေကြီး (ထိုစဉ်က ဗဟိုတရားရုံးရှေ့နေ) မုံရွာဦးတင်ရွှေ B.A.B.Lသည် စာရေးသူ၏ ခင်မင်လေးစားရသော မိတ်ဆွေကြီးဖြစ်သည်။ တရားရုံးလောက၊ စာပေလောက၊ ဥပဒေလောက၌ တစ်ချိန်တစ်ခါက လက်တွဲခဲ့ရသည်။ ဆရာ ဦးတင်ရွှေ၏ 'ပြန်လှန်စစ်မေးနည်းနှင့် ရှေ့နေပညာ' စာအုပ်မှာလည်း ထင်ရှားသော စာအုပ်ဖြစ်သည်။ ဥပဒေလောကသားတို့ လက်စွဲအသုံးပြုသော ပြန်လှန်စစ်မေးနည်းစာအုပ်တစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်၏ ထိရောက်မှုကို ပြန်လည်မျှဝေတင်ပြပါရစေ။ ၁၉၈၃၊ ထွန်းပေါက်စာပေက ထုတ်ဝေခဲ့တာပါ။

**ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်**

ပြန်လှန်စစ်မေးခြင်း၏ အနှစ်သာရမှာ အမှုသည်တစ်ဦး၏ရှေ့နေက တစ်ဖက်အမှုသည် တင်ပြသည့် သက်သေအား မိမိအမှုသည်အတွက် အကျိုးရှိမည့် အချက်ကို ဝန်ခံစေရန် သို့မဟုတ် ယင်းသက်သေသည် ယုံကြည်ထိုက်သူမဟုတ်ကြောင်း ဖော်ထုတ်ပြသစေရန် စစ်မေးခြင်းဖြစ်သည်။ ပြန်လှန်စစ်မေးခြင်းမှာ အမှန်ကို ဖော်ထုတ်ရန်နှင့် အမှားကိုဖွင့်ချရန်အထိရောက်ဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း တရားသူကြီးတစ်ဦးက မှတ်ချက်ပေးခဲ့ပါသည်။

**အမှန်ကို မပြောပြောအောင်**

သက်သေတစ်ယောက်အား ၎င်း၏အလိုဆန္ဒနှင့် ဆန့်ကျင်ပြီး အမှန်ကို မပြောပြောအောင် လုပ်ချင်လျှင် သူမပြောဘဲ ချန်ထားလိုသည့်စကားကို နှိုက်ယူခြင်းဖြင့် အောင်မြင်မှုရနိုင်သည်။ အဖြစ်အပျက်ကို အသေးစိတ်ပြီး ထပ်တလဲလဲ မေးပါ။ ထို့နောက် သူဝန်ခံသွားပါလိမ့်မည်။ သူမငြင်းနိုင်သည့် အခြေအနေ ဆိုက်ရောက်သွားပါလိမ့်မည်ဟု ဥပဒေပညာရှင်တစ်ဦးက ရေးသားခဲ့သည်။

**ရည်ရွယ်ချက်**

ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်မှာ တစ်ဖက်လူ၏ အမှုကို အားနည်းသွားအောင်လုပ်ရန်၊ ဘောင်ခတ်ပေးရန် သို့မဟုတ် ဖျက်ပစ်ရန်နှင့် တစ်ဖက်လူ၏ သက်သေများကို အသုံးချပြီး မိမိအမှုကို သက်သေထူရန် ဖြစ်ပါသည်။

အဓိက စစ်မေးချက်မှ ထွက်ချက်များသည် တိကျသေချာမှု မရှိ၊ မယုံကြည်ထိုက်၊ တန်ဖိုး မရှိ စသည်ဖြင့် ထုတ်ဖော်ပြသရန်လည်း ဖြစ်သည်။

**တရားခွင်ကျင့်စဉ် နှစ်ဆယ့်တစ်ချက်**

ဒိုနိုဗန်၏တရားခွင်ကျင့်စဉ် နှစ်ဆယ့်တစ်ချက်ကို ဆရာမုံရွာဦးတင်ရွှေက သူ့စာအုပ်(စာမျက်နှာ - ၁၄၉) တွင် ဖော်ပြရေးသားထားသည်။ ဘယ်သောအခါမှမမှားနိုင်သော ပညာရှင်များ၏ တင်ပြချက်ဖြစ်ပါ၍ ထပ်မံကောက်နုတ်တင်ပြလိုက်ရပါသည် -

(၁) အမှုတိုင်းကို ကျကျနန လေ့လာပြီး အမှုနှင့် သက်ဆိုင်သည့် ဥပဒေကိုရော သက်သေခံချက်ကိုပါ ရှင်းရှင်းလင်းလင်း မှတ်သားထားပါ။

> **ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်မှာ တစ်ဖက်လူ၏ အမှုကို အားနည်းသွားအောင် လုပ်ရန်၊ ဘောင်ခတ်ပေးရန် သို့မဟုတ် ဖျက်ပစ်ရန်နှင့် တစ်ဖက်လူ၏ . . .**

(၂) သက်သေတစ်ဦးစီက တစ်ဦးချင်း သို့မဟုတ် စုပေါင်း၍ ထွက်ဆိုမည့်အချက်ကို သိအောင်လုပ်ပါ။

(၃) သက်သေခံချက် မသွင်းမီ အမှုအကြောင်း အပြည့်အစုံ တင်ပြလိုက်ပါ။

(၄) အားစိုက်ခွန်စိုက်လုပ်ပါ။ စွဲစွဲမြဲမြဲလုပ်ပါ။ ဂုဏ်သိက္ခာထိန်းပါ။ ရှင်းလင်းပြတ်သားပါ။

(၅) အလှည့်စားမခံပါနှင့်။ ကိုယ်ကလည်း မလှည့်စားပါနှင့်။ တရားမမှုတစ်ခုတွင် ရုတ်တရက် လှည့်ပြောင်းသွားခြင်း၊ အမှုစစ်ဆေးနေစဉ် အချက်အလက်အသစ်တစ်ခု ရုတ်တရက်ပေါ်ပေါက်လာခြင်း၊ လက်ဝဲတောင်ပံ၊ လက်ယာတောင်ပံမှ ရန်သူပေါ်ထွက်လာခြင်း စသည်တို့မှာ ရှေ့နေတစ်ယောက်အနေဖြင့် မိမိ၏စွမ်းပကားကို ထုတ်ဖော်ပြသရမည့် အခြေအနေများဖြစ်သည်။ ထိုအခြေအနေမျိုးကို ရင်ဆိုင်သူအဖို့ ပျော်စရာကောင်းသည့် ကိစ္စဖြစ်ပါသည်။

(၆) အချက်အလက်များကို အကျဉ်းချုပ်ပြောပါ။ ထိထိမိမိပြောပါ။ အကောင်းဆုံးပြောပါ။

(၇) မိမိ၏ မူလစကားကို စွဲကပ်ထားပါဟု ဆိုရိုးရှိပါသည်။ အမှုစစ်ဆေးသည့်အခါ လူတစ်ယောက်၏ စိတ်ရှည်မှုကို စမ်းသပ်သည့် အရာတော်တော်များများ ပေါ်ပေါက်လာတတ်ပါသည်။ ဇဝနဉာဏ်ဖြင့် တုံ့ပြန်မှုများ၊ ပျားတုပ်သလို ပြန်လှန်ပြောဆိုမှုများသည် အမှုကို မေးမှိန်သွားအောင် ရှေ့နေနှင့် ဂျူရီလူကြီးများကို အလုပ်ပေးတတ်ပါသည်။ မည်သို့ဆိုစေ ရည်ရွယ်ချက်တစ်ခုတည်းထားပြီး မိမိလိုချင်သည့်အချက်ကို စွဲကိုင်ထားသူ၊ ပြဿနာကို အဆုံးတိုင် ဆုပ်ကိုင်ထားနိုင်သူက တကယ်အနိုင်ရပါသည်။

(၈) ဂျူရီလူကြီးများသည် အကြောင်းခြင်းရာအားလုံးကို မသိနိုင် ဆိုသည့်အချက်ကို မမေ့ပါနှင့်။

(၉) အခိုက်အတန့် အရေးနိမ့်သည့်အခါ ဣန္ဒြေမပျက်ပါနှင့်။ ဆုံးရှုံးသွားသည့်တန်ဖိုးသည် တစ်ပြားတစ်ချပ်ပင် မတန်သလို အေးဆေးသည့် အမူအရာဖြင့် ဆက်အလုပ်လုပ်ပါ။ သို့သော် အခြားအင်အားစုများကို အသုံးပြုပါ။ အမှု၏ အခြေအမြစ်သည် သေးငယ်သော ယိုပေါက်ကြောင့် ပျက်ပြားမသွားစေရန် သတိပြုပါ။

(၁၀) မကောင်းသည့် သက်သေကို စွန့်လွှတ်ပါ။ အမြတ်ရနိုင်မှ ပြန်လှန်စစ်မေးပါ။ အကင်းပါးသော သက်သေတစ်ယောက်ကို ပြန်လှန်စစ်မေးလျှင် ထိုသက်သေ၏ ထွက်ဆိုချက်ကို ပိုမိုခိုင်မာအောင် လုပ်ပေးရာ ရောက်တတ်ပါသည်။ ထိုသက်သေအား ထပ်တလဲလဲ ပြောစေခြင်းသည် သူပြောပြီးသားစကားကို ပိုပြီးခိုင်မြဲစေပါသည်။

(၁၁) သင့်ဘက်မှတင်ပြသည့် သက်သေခံချက်သည် အမှု၏ အဓိကအပိုင်းကို ထိမိပါစေ။ အမှု၏အဓိကအပိုင်းကို သိရှိရေး၊ သက်သေအထောက်အထားများဖြင့် ထိုအဓိကအပိုင်းကို မျက်ခြည်မပြတ်အောင်လုပ်ရေးတို့မှာ ပညာရှင်အကျိုးဆောင်တစ်ယောက် လုပ်ရမည့်အလုပ်ဖြစ်ပါသည်။

(၁၂) ဥပဒေနှင့်ပတ်သက်သော အဓိကအချက်သည် အကောင်းဆုံးသက်သေခံချက် ဖြစ်ပါသည်။ ရှေ့နေတစ်ယောက်သည် အကောင်းဘက်ကိုရော အဆိုးဘက်ကိုပါ သိရှိထားသင့်ပြီ။ မည်သည့်ဘက်ကိုမဆို ရင်ဆိုင်ရန် အဆင်သင့်လုပ်ထားရမည်။ တိုက်ပွဲတစ်ပွဲမတိုက်မီ ကင်းထောက်တပ်သားများကို စေလွှတ်ရသည့်နည်းတူ အမှုမစစ်ဆေးမီ သက်သေများကို စီစဉ်ထားရမည်။


(၁၃) သေးနုပ်သိမ်ဖျင်းသော ကန့်ကွက်မှုမျိုးကို ရှောင်ကြဉ်ပါ။ အဓိကအခွင့်အရေးအတွက် မိမိ၏ စွမ်းအားများကိုချွေတာပါ။ အမေရိကန်သမ္မတ (ရှေ့နေကြီး) မစ္စတာလင်ကွန်းသည် သေးနုပ်သော အချက်များကို အလျှော့ပေးရာ၌ ထင်ရှားသောသူဖြစ်ပါသည်။ "အဲဒီအချက်မှာတော့ ကျွန်တော်တို့မှားချင် မှားနိုင်ပါတယ်" ဟု ပြောဆိုတတ်ပြီး၊ "အဲဒီနေရာမှာ ကျွန်တော်တို့ မှားခဲ့မယ်ထင်ပါတယ်။ ဒါပေမယ့် ဒါဟာဘယ်နည်းနဲ့မှ အချက်အချာကျတဲ့ကိစ္စ မဟုတ်ပါဘူး" ဟု လင်ကွန်းက ပြောတတ်ပါသည်။

(၁၄) ရှင်းရှင်းလင်းလင်းပြောပါ။ သတိထားပြောပါ။ ပွင့်ပွင့်လင်းလင်းပြောပါ။

(၁၅) စစ်မေးချက်များနှင့် လျှောက်လဲချက်များကို ရပ်သင့်သည့်နေရာတွင်ရပ်ပါ။

(၁၆) သင်သည်ပြောသည့်အတိုင်း လုပ်သူဖြစ်ကြောင်း တရားသူကြီးနှင့် ဂျူရီလူကြီးများ သိပါစေ။

(၁၇) သင်၏ဆန့်ကျင်ဘက်သည် အားကောင်းသည်ဟု သဘောထားပြီး သူ့ကိုရင်ဆိုင်နိုင်အောင်




ပြင်ဆင်ထားပါ။

နပိုလီယံသည် သူ့ရန်သူကို ဘယ်တော့မှ လျှော့မတွက်ပါ။ တရားရုံးတွင် အမှုစစ်ရာ၌ ရန်သူသည် ထုံးစံအားဖြင့် အမြဲတမ်းလိုလိုပင် ကျွန်တော်တို့ မျှော်လင့်ထားသည်ထက် ပို၍အားကောင်းတတ်ပါသည်။

(၁၈) အမှုများသည် အကြောင်းခြင်းရာ သက်သေခံချက်များပေါ်တွင် မူတည်ပါသည်။ ယင်း အကြောင်းခြင်းရာ သက်သေခံချက်များကို ဥပဒေနှင့် စပ်ဟပ်ပေးရပါသည်။

(၁၉) တရားရုံးတွင် အမှုစစ်ဆေးရာ၌ အကြောင်းခြင်းရာ ပြဿနာနှစ်ဆယ်တွင် ဥပဒေ ပြဿနာတစ်ခု ပေါ်ပေါက်ပါလိမ့်မည်။ အမှုများသည် လုပ်နည်းလုပ်ဟန်ပေါ်မူတည်ပြီး ရှုံးဖို့ခဲယဉ်းပါသည်။ အကြောင်းခြင်းရာများကို သက်သေခံချက်တင်ပြရာ၌ ချွတ်ယွင်းသောကြောင့် ရှုံးရသည့်အမှုက ပိုများပါသည်။ မည်သူမျှမမြင်နိုင်၊ မဟန့်တားနိုင်သည့် ဥပဒေအချက်အလက်ကြောင့် အမှုရှုံးရလျှင် အကျိုးဆောင်၏အပြစ် မဟုတ်ပါ။ သို့သော် ကြိုတင်သိမြင်နိုင်သော အကြောင်းခြင်းရာ အချက်အလက်တစ်ခုကြောင့် ရှုံးရလျှင်မူ အကျိုးဆောင်အပေါ် ခွင့်လွှတ်နိုင်စရာမရှိပါ။

(၂၀) မိမိ၏အလုပ်ကို ဂရုစိုက်ပြီးလုပ်ကိုင်ပါ။ အမှုတစ်ခုကို အားစိုက်ခွန်စိုက်နှင့် လစ်ဟင်းမှုမရှိအောင် လိုက်ပါဆောင်ရွက်ခဲ့လျှင် နောက်ထပ်အမှုများ ရနိုင်ပါသည်။

(၂၁) မိမိအတွက်အားကောင်းသော ဥပဒေအချက်အလက်များနှင့် အကြောင်းခြင်းရာ အချက်အလက်များကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပါ။ လင်ကွန်းသည် သေးနုပ်သော အချက်အလက်များကို လုံးဝဂရုမစိုက်ဘဲ သူ့အမှု၏ အဓိကအပိုင်းကို ဆုပ်ကိုင်ထားကြောင်း၊ လိုက်လျောမှု၊ မျှတမှုဖြင့် အနိုင်ယူကြောင်း ပြောစမှတ် ပြုကြပါသည်။

**နိဂုံး**

(၁) မုံရွာ ဦးတင်ရွှေ၏ စာအုပ်ထဲမှာ မှတ်သားစရာတွေက အများကြီးပါ။

(၂) မှတ်သားစရာအများကြီးတွေထဲက ကျွန်တော်ကြိုက်နှစ်သက်သော အောက်ပါစာစုကို ဖော်ပြလျက် နိဂုံးချုပ်လိုက်ပါသည်။

**(ဆရာဝန်မှားရင်၊ မြေကြီးအောက် ခြောက်ပေလောက် မြှုပ်လိုက်ရတယ်။ ရှေ့နေမှားရင်တော့ မြေကြီးအထက် ခြောက်ပေလောက်မှာ တွဲလောင်းဖြစ်နေတတ်ပါသတဲ့ဗျာ)**

# အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်း**

**(၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**

**၁၃၈၁ခုနှစ်၊ လဆန်း ရက်**

**(၂၀၁၉ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အမျိုးသားစာကြည့်တိုက်ဥပဒေဟု** ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစာကြည့်တိုက်** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေအရတည်ထောင်သည့် အမျိုးသားစာကြည့်တိုက်ကိုဆိုသည်။

(ခ) **အမျိုးသားစာကြည့်တိုက်ခွဲ**ဆိုသည်မှာ ဤဥပဒေအရတည်ထောင်သော အမျိုးသားစာကြည့်တိုက်များ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ရှိသည့် စာကြည့်တိုက်များကိုဆိုသည်။

(ဂ) **စာပေအနုပညာပစ္စည်း**ဆိုသည်မှာ ပေ၊ ပုရပိုက်၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့်အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်၊ အီလက်ထရွန်းနစ်နှင့် အခြားပစ္စည်းများကိုအသုံးပြု၍ မှတ်တမ်းတင်ထားသောပစ္စည်းများ၊ ယင်းတို့ကို ပြန်လည်ပြုပြင်ထုတ်လုပ်ထားသော ပစ္စည်းများအပါအဝင် ပုံစံအမျိုးမျိုးဖြင့်ရေးသား၊ ပုံနှိပ်၊ ရေးထွင်း၊ ရေးဆွဲ၊ အသံသွင်းထားသော စာပေအနုပညာနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုဆိုသည်။

(င) **ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသည့် အမျိုးသားစာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ကိုဆိုသည်။

(စ) **ပုံနှိပ်သူ** ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်ပိုင်ဆိုင်သူကိုဆိုသည်။ ယင်းစကားရပ်တွင် ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်နှင့်စပ်လျဉ်းသည့် အစုစပ်(Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာစီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဆ) **ထုတ်ဝေစာ** ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရွန်းနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့်အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်။

(ဇ) **ထုတ်ဝေသူ** ဆိုသည်မှာ ထုတ်ဝေစာတစ်ခုခုကို စီးပွားရေးအကျိုးအမြတ်ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသည့်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ထုတ်ဝေသည့်လုပ်ငန်းလုပ်ကိုင်သူနှင့် စပ်လျဉ်းသည့် အစုစပ် (Partnership)၊ ကုမ္ပဏီ(Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာစီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

(ဈ) **ဖြန့်ချိသူ** ဆိုသည်မှာ စာပေအနုပညာပစ္စည်းများကို ပြည်သူသို့ရောင်းချခြင်းအပါအဝင် တစ်နည်းနည်းဖြင့် ဖြန့်ချိသူကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေအနုပညာပစ္စည်းများကို တာဝန်ယူ၍ ဖြန့်ချိသောအစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစုလုပ်ငန်း (Family Business) သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာစီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန်၊

(ခ) "မြန်မာ့အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာနဖြစ်လာစေရန်" ဆိုသည့် အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်ကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ကွန်ရက်ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)

## အမျိုးသားစာကြည့်တိုက်ဖွဲ့စည်းတည်ထောင်ခြင်း

၄။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ရမည်-

(က) ပြည်တွင်းထုတ်ပုံနှိပ်စာများနှင့် ရှားပါးစာပေအနုပညာပစ္စည်းများ၊ လက်ရေးစာများအားလုံးကို ပြည့်စုံအောင်စုဆောင်း၍ ပြည်တွင်းပြည်ပသုတေသီများနှင့် ပြည်သူလူထုတစ်ရပ်လုံး ရည်ညွှန်းကိုးကားအသုံးပြုနိုင်စေရန်၊

(ခ) အမျိုးသားယဉ်ကျေးမှုရှေးဟောင်းစာပေ၊ စာပေအနုပညာပစ္စည်းများ၊ နိုင်ငံတကာမှထုတ်ဝေသော မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်စာစုများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာစုများကို ပြည့်စုံအောင်စုဆောင်း၍ အမျိုးသားစာပေစုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များ၏ စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက်ပညာရပ်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရေးနှင့် ပိုမိုတိုးတက်သော စာကြည့်တိုက်များဖြစ်လာစေရေးအတွက် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာလမ်းညွှန်မှုနှင့်အညီအသုံးပြုနိုင်ရန်၊

၅။ (က) ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်းသင့်လျော်သည့် ဒေသတွင် အမျိုးသားစာကြည့်တိုက်ခွဲများ တည်ထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရတည်ထောင်သော အမျိုးသားစာကြည့်တိုက်ခွဲများသည် ကြီးကြပ်မှုအဖွဲ့၏ စီမံအုပ်ချုပ်မှုကိုခံယူရမည်။

## အခန်း(၄)

## ကြီးကြပ်မှုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှစ်ဦးထက်မပိုသော စာကြည့်တိုက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်ညွှန်ကြားရေးမှူး(စာကြည့်တိုက်မှူး)က အတွင်းရေးမှူးအဖြစ်လည်းကောင်းပါဝင်သော အမျိုးသားစာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ ကြီးကြပ်မှုအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာစုများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ စာပေအနုပညာပစ္စည်းများအပါအဝင် အမျိုးသားစာပေစုအမွေအနှစ်ကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ပြန့်ပွားစေခြင်း၊

(ခ) ပညာရပ်အမျိုးမျိုးနှင့်ဘာသာစကားအမျိုးမျိုးမှ အသိပညာဗဟုသုတတိုးပွားစေနိုင်သော၊ စာပေယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထင်ဟပ်စေနိုင်သော၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို မြင့်မားစေနိုင်သော စာပေအနုပညာပစ္စည်းများကိုရယူစုဆောင်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတော်အတွင်းရှိ စာကြည့်တိုက်များအတွက် စာကြည့်တိုက်စနစ်များနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာလမ်းညွှန်၊ လက်စွဲစာအုပ်များပြုစုထုတ်ဝေနိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခြင်း၊

(င) နိုင်ငံတော်အတွင်း စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်ဆိုင်ရာအသိပညာ၊ အတတ်ပညာများအား လေ့ကျင့်မှုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများစသည့် ပညာပြန့်ပွားရေးနည်းလမ်းအမျိုးမျိုးဖြင့် ဖြန့်ဖြူးပေးခြင်း၊

(စ) နိုင်ငံတော်အတွင်း စာကြည့်တိုက်အသုံးပြုမှုမြင့်မားလာရေးနှင့် စာဖတ်စွမ်းရည်မြင့်မားလာရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်အတွင်းရှိအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများသာမက နိုင်ငံတကာမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ စာကြည့်တိုက်စာစုများ တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အတွင်း ထုတ်ဝေမည့် စာပေအနုပညာပစ္စည်းများအတွက် စာကြည့်တိုက်သုံးကက်တလောက် (Cataloguing in Publication) ကိုပြုစုပေးခြင်း။

(ဈ) နိုင်ငံတော်အတွင်းထုတ်ဝေမည့်စာအုပ်နှင့် စာနယ်ဇင်းများအတွက် နိုင်ငံတကာအသိအမှတ်ပြု စာအုပ်အမှတ် (International Standard Book Number- ISBN) နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ် (International Standard Serial Number- ISSN)လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း။

၈။ ကြီးကြပ်မှုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်းထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို တရားဝင်ရယူထိန်းသိမ်းရေး (National Depository) ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစာကြည့်တိုက်၏ အဆောက်အအုံ၊ ပရိဘောဂနှင့် စာပေအနုပညာပစ္စည်းများကို နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခြင်း၊

(ဂ) အမျိုးသားစာကြည့်တိုက်က စုဆောင်းထိန်းသိမ်းရန် လိုအပ်မည့်စာပေအနုပညာပစ္စည်းများကို သတ်မှတ်ထားသောစာပေအနုပညာပစ္စည်းစုဆောင်းရေးမူဝါဒနှင့်အညီ ဝယ်ယူစုဆောင်းခြင်း၊ စနစ်တကျနေရာချထားခြင်း၊ ခေတ်မီနည်းပညာဖြင့် ထိန်းသိမ်းခြင်း၊ အများပြည်သူအသုံးပြုခွင့်ပေးခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် စာပေအနုပညာပစ္စည်းလဲလှယ်ရေးအစီအစဉ်ကို ပီပြင်စွာဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့်စဉ်ဆက်မပြတ် ဆက်သွယ်၍ မြန်မာနိုင်ငံစာကြည့်တိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်မှူးများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(စ) ပုဒ်မခွဲ(က)အရဆောင်ရွက်ခြင်းကို မထိခိုက်စေဘဲ အမျိုးသားစာကြည့်တိုက်တွင် ထားခွင့်ရှိသည့် စာပေအနုပညာပစ္စည်းနှင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည့်လုပ်ငန်းတို့ကိုသတ်မှတ်ခြင်း။

## အခန်း(၅)

## စာပေအနုပညာပစ္စည်းများရယူစုဆောင်းခြင်း

၉။ ကြီးကြပ်မှုအဖွဲ့သည် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် နိုင်ငံအတွင်းထုတ်ဝေသောမည်သည့် စာပေအနုပညာပစ္စည်းကိုမဆို အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနုပညာပစ္စည်းအဖြစ် ရယူစုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည်-

(က) စာပေအနုပညာပစ္စည်းများအား နိုင်ငံတော်၏ စာပေစုအမွေအနှစ်အဖြစ် စုဆောင်းရန်၊

(ခ) စုဆောင်းရရှိထားသည့် စာပေအနုပညာပစ္စည်းများ မပျောက်မပျက်စေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းရန်၊

(ဂ) စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသောအမျိုးသားစာစုစာရင်း (National Bibliography)ကို ပြုစုထုတ်ဝေရန်။

၁၀။ (က) အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် နိုင်ငံတော်အတွင်း ထုတ်ဝေသမျှသော ပုံနှိပ်နှင့်ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို ထုတ်ဝေရောင်းချမည့် အရည်အသွေးအတိုင်း ပြည့်စုံစွာပါဝင်စေလျက် ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရန်ပျက်ကွက်သဖြင့် စီမံခန့်ခွဲမှုပြစ်ဒဏ်စီရင်ခြင်းခံရပြီး ဖြစ်စေကာမူ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် ၎င်းပေးပို့ရန်ပျက်ကွက်သော စာပေအနုပညာပစ္စည်းကို မူလအတိုင်းဖြစ်စေ၊ ပြန်လည်ပုံနှိပ်ထုတ်ဝေ၍ဖြစ်စေ ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသည့်အရေအတွက်အတိုင်းအမျိုးသားစာကြည့်တိုက်သို့ ပေးပို့ရမည်။

၁၁။ ပုံနှိပ်သူများ၊ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည်-

(က) စာအုပ်ထုတ်ဝေရာတွင် အမျိုးသားစာကြည့်တိုက်မှ ပြုစုပေးသော စာကြည့်တိုက်သုံးကက်တလောက်ပုံစံ (Cataloguing in Publication- CIP) ကို မိမိတို့ထုတ်ဝေသောစာအုပ်များတွင် ဖော်ပြပေးရမည်။

(ခ) စာအုပ်နှင့် စာနယ်ဇင်းများထုတ်ဝေရာတွင် အမျိုးသားစာကြည့်တိုက်မှပြုစုပေးသော နိုင်ငံတကာအသိအမှတ်ပြုစာအုပ်အမှတ် (International Standard Book Number- ISBN) နှင့် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းအမှတ်(International Standard Serial Number- ISSN) ပုံစံများကို မိမိတို့ထုတ်ဝေသောစာအုပ်နှင့် စာနယ်ဇင်းများတွင် ဖော်ပြပေးရမည်။

***(ဆက်လက်ဖော်ပြပါမည်)***



ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် (၇) ကြိမ်မြောက် ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်က ပြုလုပ်ရာ မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အဖွဲ့လိုက် ရွတ်ဆိုယှဉ်ပြိုင်ကြစဉ်။ **ကိုဝဏ္ဏ(တောင်ဥက္ကလာ)**

# အမှိုက်ပုံလုံးဝကင်းစင်သည့်မြို့နယ်များအား ဂုဏ်ပြု

**ပဲခူး စက်တင်ဘာ ၆**

မြို့သန့်ရှင်းသာယာလှပရေး၊ အမှိုက်ပုံလုံးဝကင်းစင်ရေး ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စည်ပင်သာယာရေးဝန်ထမ်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ပဲခူးမြို့တော်ခန်းမတွင် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိတို့မြို့နယ်သန့်ရှင်းသာယာလှပရေး၊ အမှိုက်ပုံကင်းစင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရန် စီမံချက်များ၊ နည်းလမ်းများချမှတ်ပြီး စိတ်စေတနာကောင်းများနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်အောင်ကြိုးစားနိုင်ခဲ့ခြင်းမှာ ဘဝရဲ့အခြေခံလှေကားထစ်တစ်ခုကို ဖြတ်ကျော်ဖို့ကြိုးစားခဲ့ခြင်းဖြစ်၍ ကြိုးစားမှုရလဒ်များနှင့်အညီ ဂုဏ်ပြုဆုချီးမြှင့်ရသည်မှာ ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။



ထို့နောက် မြို့သန့်ရှင်းသာယာလှပရေး၊ အမှိုက်ပုံလုံးဝကင်းစင်ရေးဆုရရှိသည့် မြို့နယ်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော စည်ပင်သာယာရေးဝန်ထမ်းမိသားစုဝင် သားသမီးများအား တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ဌေးနိုင်(ပဲခူး)**

# ဖိလစ်ပိုင်၌ကျင်းပမည့် e-sport ပြိုင်ပွဲ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင်ကျင်းပမည့် e-sport ပြိုင်ပွဲဖြစ်သည့် Predator League ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်ရေး အသင်းတစ်သင်း ရွေးချယ်စေလွှတ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ပြည်တွင်းပြိုင်ပွဲကြီးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပမယ့် Predator League 2020 ပြိုင်ပွဲကြီးဟာ အာရှ-ပစိဖိတ်ဒေသတွင်းမှာ နိုင်ငံပေါင်း ၁၇ နိုင်ငံ ပါဝင်ယှဉ်ပြိုင်တဲ့ e-sport ပြိုင်ပွဲကြီးပါ။ မြန်မာနိုင်ငံအနေနဲ့ ဒုတိယအကြိမ်မြောက် သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမသွားမီ Predator League Myanmar Local Qualifier 2020 ခေါင်းစဉ်နဲ့ ပြိုင်ပွဲကြီးတစ်ရပ်ကို စက်တင်ဘာလနဲ့ အောက်တိုဘာလအတွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်" ဟုစက်တင်ဘာ ၅ ရက်မွန်းလွဲပိုင်းက ရွှေဂုံတိုင်လမ်းဆုံရှိ Vista ခန်းမ၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြိုင်ပွဲစီစဉ်ကျင်းပသူ Acer Myanmar ၏ မန်နေဂျာ ကိုအောင်သူရက ပြောသည်။

အဆိုပါပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အသင်းပေါင်း ၆၀ ပါဝင်ယှဉ်ပြိုင်ရန် လျာထားပြီး အုပ်စုလိုက် ရှုံးထွက်ပွဲစဉ်များကစားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ဘိုကလေးဈေးလမ်း အမှတ် ၈၈ Acer ရုံးချုပ်သို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ပထမဆုရအသင်းကို ဖိလစ်ပိုင်သို့ သွားရောက်ယှဉ်ပြိုင်ခွင့်နှင့် ငွေကျပ် ၂၅ သိန်း၊ ဒုတိယ ငွေကျပ် ၁၅ သိန်းနှင့် တတိယဆု ၁၀ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Predator League ပြိုင်ပွဲကြီးကို ၂၀၁၈ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပခဲ့ကြောင်း၊ ဒုတိယအကြိမ်ပြိုင်ပွဲကို ၂၀၁၉ ခုနှစ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းအတွက်မြန်မာနိုင်ငံကိုယ်စားပြု အသင်းရွေးချယ်ပေးရန်အတွက် ယခုပြိုင်ပွဲကို Acer Myanmar နှင့် X gaming တို့က တာဝန်ယူကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**



# ဆောမြို့နယ် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီး ၁၄၃ စီး လှူဒါန်း

**ဆော စက်တင်ဘာ ၆**

Lesswalk.org စက်ဘီးလှူဒါန်းရေးအဖွဲ့က ဆောမြို့နယ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် ပေးပို့လှူဒါန်းသည့် စက်ဘီး ၁၄၃ စီး စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီက ဆော အထက သို့ ရောက်ရှိသည်။

အဆိုပါ စက်ဘီးများအနက် ဆော အထကကျောင်းနှင့် အမှတ် (၂) မူလွန်ကျောင်းအတွက် ရရှိသော စက်ဘီး ၅၃ စီးကို ယောလူငယ်အဖွဲ့ ဆောဒေသ ပြန်ကြားရေးတာဝန်ခံ ကိုသန်းဇော်ဦးက ဆော အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုရီထံ လွှဲပြောင်းပေးအပ်သည်။



အဆိုပါ Lesswalk.org စက်ဘီးလှူဒါန်းရေးအဖွဲ့မှ ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းသော စက်ဘီး ၅၃ စီးအား စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ဆော အ.ထ.ကသို့လည်းကောင်း၊ လောင်းရှည် အ.ထ.ကအတွက် ရရှိသော စက်ဘီးအစီး ၉၀ အား စက်တင်ဘာ ၁၂ ရက်တွင် လောင်းရှည် အထက တွင်လည်းကောင်း အခမ်းအနားများဖြင့် လှူဒါန်းပေးအပ်ပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စက်ဘီးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ခရီးဝေးရွာများမှ ခြေကျင်ခရီးဖြင့် နေ့ချင်းပြန် ကျောင်းတက်နေကြသော ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပြီး ဂန့်ဂေါခရိုင် (ယောဒေသ) အတွင်းရှိ အခြေခံပညာကျောင်း ၂၂ ကျောင်းအတွက် Lesswalk.org စက်ဘီးလှူဒါန်းရေးအဖွဲ့မှလှူဒါန်းသော စက်ဘီးစုစုပေါင်း ၄၉၂ စီးရှိကြောင်း ယောလူငယ်အဖွဲ့ ဆောဒေသ ပြန်ကြားရေးတာဝန်ခံထံမှ သိရသည်။ **ကျော်သန်းဆွေ (ဂန့်ဂေါ)**

# လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၆**

မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန့်ဓမ္မာရုံ၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းထင်အောင်ဟန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မော်လမြိုင်ခရိုင်ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းထင်အောင်ဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ စာရေးဆရာမောင်ပွင့်ဉာဏ်(မောရ) နှင့် စာရေးဆရာမ နွေး (မော်လမြိုင်)တို့က စာအုပ်စာပေနှင့် စာကြည့်တိုက်၏အရေးပါပုံအကြောင်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဦးဆောင်ဆွေးနွေးသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လူကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးများအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရေတာရှည် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ပြည်သူ့စကားဝိုင်းကို အောင်ချမ်းသာကျေးရွာ (အထက) ကျောင်း၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒာညီဆွေ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်နိုင်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်မြတ်မြတ်မွန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးစုစံတို့က ဆင်းရဲမွဲတေမှု၊ အသိပညာဗဟုသုတအားနည်းမှုတို့ကို အခြေခံ၍ လူကုန်ကူးမှုဖြစ်ပေါ်လာပုံ၊ လူကုန်ကူးခြင်းနည်းလမ်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနည်းလမ်းများနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မူးယစ်ဆေးဝါးများအနေဖြင့် အနာဂတ်တွင်တောက်ပလာနိုင်သည့် လူငယ်လူရွယ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်နိုင်ပြီး မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုမှ ရှောင်ကြဉ်နိုင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများနှင့် ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုသန်းလွင်**

# ယာဉ်တိုက်မှုအန္တရာယ်မှကင်းဝေးစေရန် ရောင်ပြန်ပြားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၆**

ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားတပ်ဆင်ခြင်းလုပ်ငန်းများကို ယခုလမှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်(ခ) ငမ်ခိုင်ပါးပါးက ပြောကြားသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ၎င်းတို့ဌာနသို့ မော်တော်ယာဉ် သက်တမ်းလာတိုးသည့် ယာဉ်များအား အဆိုပါရောင်ပြန်ပြားတပ်ဆင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးမည်ဖြစ်ပြီး ကျသင့်သော သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ အဆိုပါရောင်ပြန်ပြားများကို သီးခြား လာရောက်တပ်ဆင်လိုပါကလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ မော်တော်ယာဉ်တွင် ရောင်ပြန်ပြားများ တပ်ဆင်ထားမှုမရှိခြင်း၊ တပ်ဆင်ထားသော်လည်း အရည်အသွေးမပြည့်မီသည့် ရောင်ပြန်ပြားမဟုတ်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကို ထိခိုက်စေနိုင်ကြောင်း၊ မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားများ တပ်ဆင်အသုံးပြုပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အထောက်အကူဖြစ်စေသည့်အပြင် ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူများအတွက်လည်း အကျိုးကျေးဇူးကောင်းများ ရရှိနိုင်သဖြင့် မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားများ တပ်ဆင်ရန်လိုအပ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သို့ဖြစ်၍ မော်တော်ယာဉ်များစစ်ဆေးရာတွင် မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ရောင်ပြန်ပြားတပ်ဆင်ထားမှုမရှိခြင်း၊ ရောင်ပြန်ပြားတပ်ဆင်ထားသော်လည်း သတ်မှတ်ရောင်ပြန်ပြားမဟုတ်ခြင်း၊ ပျက်စီးနေခြင်း၊ အရည်အသွေးလုံးဝမပြည့်မီခြင်း၊ ညဘက်အချိန်တွင် ယာဉ်မောင်းနှင်သွားလာရာတွင် ရောင်ပြန်ပြား၏ အရောင်ပြန်မှုသည် သိသာထင်ရှားစွာ အရောင်ပြန်မှုမပေးနိုင်ခြင်း စသည့် အခြေအနေတစ်ရပ်ရပ်တွင် ရောင်ပြန်ပြားများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်ပြန်ပြားများတပ်ဆင်ရာတွင် Type A ရောင်ပြန်အမျိုးအစားအတွက် တပ်ဆင်ရမည့် မော်တော်ယာဉ်အမျိုးအစားများမှာ ဝန်တင်အားတစ်တန်အထက် ဗင်၊ လိုက်ထရပ်နှင့် လယ်ယာသုံးထရပ်ယာဉ်များ၊ ထရပ်နှင့် ကုန်တင်ဝန်လေးယာဉ်များ၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်မှအပ ကျန်အခြားအုပ်စုဝင်ယာဉ်များ၊ နောက်တွဲယာဉ်များဖြစ်ပြီး တစ်ချပ်စာကို ကျပ် ၆၀၀၀ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

Type B ရောင်ပြန်အမျိုးအစားအတွက် တပ်ဆင်ရမည့် မော်တော်ယာဉ် အမျိုးအစားများမှာ ဝန်တင်အား တစ်တန်အထိ ဗင်၊ လိုက်ထရပ်နှင့် လယ်ယာသုံးထရပ်ယာဉ်များ၊ ပစ်ကပ်ယာဉ်များဖြစ်ပြီး တစ်ချပ်စာကို ကျပ် ၃၀၀၀ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Type C ရောင်ပြန်အမျိုးအစားအတွက် တပ်ဆင်ရမည့်မော်တော်ယာဉ်အမျိုးအစားများမှာ မိုက္ကရိုဘတ်စ်၊ မီနီဘတ်စ်နှင့် ဘတ်စ်အမျိုးအစား ခရီးသည်တင်ယာဉ်များ၊ အခြားအုပ်စုဝင်မှ လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်များ၊ ဘေးတန်းခုံဖြင့် ခရီးသည်တင်ပြေးဆွဲနေသည့် ပစ်ကပ်၊ လိုက်ထရပ်နှင့် ထရပ်ယာဉ်များဖြစ်ပြီး တစ်စုံစာကို ကျပ် ၇၀၀၀ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

Type D ရောင်ပြန်အမျိုးအစားအတွက် တပ်ဆင်ရမည့် မော်တော်ယာဉ်အမျိုးအစားများမှာ သုံးဘီး၊ သုံးဘီးဆိုင်ကယ်များနှင့် ထော်လာဂျီအုပ်စုဝင်ယာဉ်များဖြစ်ပြီး တစ်စုံစာကို ကျပ် ၂၀၀၀ ကောက်ခံမည်ဖြစ်ကာ Type E ရောင်ပြန်အမျိုးအစားအတွက် တပ်ဆင်ရမည့် မော်တော်ယာဉ်အမျိုးအစားဖြစ်သော မော်တော်ဆိုင်ကယ်အတွက်ကိုမူ တစ်ချပ်စာကို ကျပ် ၅၀၀ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောင်ပြန်ပြားသည် ညအချိန် ယာဉ်မောင်းနှင်နေစဉ်နှင့် ယာဉ်ရပ်နားထားချိန်များတွင် ယာဉ်တိုက်ခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်အချက်ပြ၊ ညွှန်ပြသည့် ပစ္စည်းဖြစ်၍ မော်တော်ယာဉ်များတွင် လိုအပ်ကြောင်း၊ ထို့ကြောင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင်သွားလာနေသော ယာဉ်များအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ၊ နည်းဥပဒေ(၂၆)၊ နည်းဥပဒေခွဲ(ဃ)အရ ရောင်ပြန်ပြားများ တပ်ဆင်အသုံးပြုရန် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်အစီးရေမှာ ၁၀၉၀၀၀၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင်မူ အစီးရေ ၅၄၀၀၀၀ ကျော်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်အစီးရေသည် မြန်မာတစ်ပြည်လုံး၏ ထက်ဝက်ခန့်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

❑

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

**ကျိုင်းတုံ စက်တင်ဘာ ၆**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးအတွက် အမှတ်(၁၁၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျိုင်းတုံခရိုင်) မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ဇောအောင်သည် တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အသိပညာပေး ဆောင်ရွက်သည်။

ယာဉ်မတော်တဆမှုဖြစ်လေ့ဖြစ်ထရှိသည့် အကြောင်းအရာများ၊ ခရီးသည်များ အရေးပေါ်ထွက်ပေါက်၊ မီးသတ်ဆေးဘူးနှင့် မှန်ခွဲရန် တူ၊ ပုဆိန်များ အသုံးပြုစေရေး၊ သတ်မှတ်လမ်းညွှန်အမှတ်အသားများနှင့် အချက်ပြမီးများ သိရှိလိုက်နာစေရေးအတွက် ပူးပေါင်းစစ်ဆေးပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**



# (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**ပြည်**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့အမှတ် (၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး၊ ယာယီဒုတိယရဲမှူးကြီး ထွန်းအောင်ကျော်ဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၉၀ စုစုပေါင်း ၁၀၀ တို့သည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

**ဒိုက်ဦး**

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ် ဝင်းထွန်းဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက်က ဒိုက်ဦးမြို့နယ် တောင်ကလေးကျေးရွာ တောင်ကလေးတောရဘုန်းတော်ကြီးကျောင်းဝင်းနှင့် ကျောင်းဝင်းအတွင်းရှိ ပြည်လုံးချမ်းစေတီတော်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၅ ရက်ကလည်း အမြန်လမ်း မိုင်တိုင် ၆၆/၁ ရှိ သပြေတန်းအုပ်စု ကွင်းမြောင်ကြီးကျေးရွာ နန္ဒိယာရာမကျောင်းဝင်းအတွင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ပတ်ဝန်းကျင်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြိတ်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်၌ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင် စုစုပေါင်း ၆၂ ဦးတို့ သွေးလှူဒါန်းနေမှုကို မြိတ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ကြက်ဥ၊ Royal D အအေးဘူးနှင့် သွေးအားတိုးဆေးများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်ပြန်/ဆက်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေး စာစီစာကုံးပြိုင်ပွဲကျင်းပ

**ဘားအံ စက်တင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို တက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ဘားအံပညာရေးကောလိပ် သီရိခန်းမတွင် ကျင်းပသည်။

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ် ခေါင်းစဉ်ဖြင့် ဘားအံပညာရေးကောလိပ်ရှိ ကျောင်းသား ကျောင်းသူ ၅၆ ဦး၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူ နှစ်ဦး စုစုပေါင်း ၅၈ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာစတေကာများကပ်ပေး

**တာချီလိတ် စက်တင်ဘာ ၆**

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အကြို တာချီလိတ်ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့က အသိပညာပေး Bill Board ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ဆေခမ်းရပ်ကွက် တာချီလိတ်-ကျိုင်းတုံသွား လမ်းဆုံ၌ ကျင်းပသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ အဖွဲ့ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်း၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောတို့က အသိပညာပေးဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေး၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက တာချီလိတ်-ကျိုင်းတုံသွားလမ်းဆုံနှင့် ပါဆတ်ကားလေးကွင်းရှိ တာချီလိတ်-တောင်ကြီးပြေးဆွဲနေသည့် အမြန်ယာဉ်ငယ်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး စတေကာ ၅၀၀ ကျော်တို့ကို ကပ်ပေးခြင်းနှင့်အတူ ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**



# ညောင်ဦးတွင် ပြန်လည်စွန့်လွှတ်မြေများ တောင်သူများထံ လွှဲပြောင်းပေးအပ်

**ညောင်ဦး စက်တင်ဘာ ၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပြန်လည်စွန့်လွှတ်မြေများအားတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အနော်ရထာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အစိုးရသစ်လက်ထက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကို ပြန်လည်စိစစ်ပြီး သက်ဆိုင်ရာ မူလပိုင်ရှင် တောင်သူများအား အကျိုးခံစားခွင့်ရရှိရေး အလေးထားဆောင်ရွက်ပေးမှု အခြေအနေများနှင့် ညောင်ဦးခရိုင်အတွင်း ဆက်လက်ဆောင်ရွက်ပေးရန် ကျန်ရှိသည့် လယ်ယာမြေများကို ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များအနေဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကညောင်ဦးမြို့နယ်တွင် တောင်သူခြောက်ဦးထံမှ သိမ်းဆည်းထားခဲ့သော မြေ ၁၆ ဒသမ ၄၇ ဧကအား ပြန်လည်စွန့်လွှတ်၍ မူလမြေပိုင်ရှင် တောင်သူများထံ ပုံစံ(၃)ဖြင့် လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တောင်သူများ၏ကိုယ်စား ဦးအောင်မင်းက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ပုံစံ(၃)ဖြင့် လွှဲပြောင်းပေးအပ်သည့် မြေ ၁၆ ဒသမ ၄၇ ဧကအား တောင်သူများ သီးနှံစိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ ပုံစံ(၇)ရရှိရေး ဆက်လက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈) နှစ်အောက် (အမျိုးသား၊ အမျိုးသမီး)ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် ညနေ ၄ နာရီက မုံရွာမြို့တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ပြေးခုန်ပစ်ပြိုင်ပွဲတွင် (အမျိုးသား၊ အမျိုးသမီး) မီတာ ၈၀၀ နှင့် ၁၀၀ အပြေးပြိုင်ပွဲ ယှဉ်ပြိုင်မှုတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀၊ ၃၀၀၀) အပြေးပြိုင်ပွဲ၊ မီတာ (၁၀၀၊ ၄၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အလျားခုန်၊ အမြင့်ခုန်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ် ပြိုင်ပွဲတို့တွင် ကျား၊မ စုစုပေါင်း ၃၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမျိုးသမီးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရ အင်းတော်မြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုရ မုံရွာမြို့နယ်သင်းတို့အား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် ၃၀၀၀၀၀ စီကိုလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဆုရ ဟုမ္မလင်းမြို့နယ်အား ဆုဖလားနှင့် ဆုငွေကျပ် ၃၀၀၀၀၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် ကယားပြည်နယ်တို့အကြား နယ်စပ်ကုန်သွယ်ရေးဆွေးနွေး

**လွိုင်ကော် စက်တင်ဘာ ၆**
ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် ကယားပြည်နယ်တို့အကြား နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ခြောက်ညအိပ် ခုနစ်ရက်ခရီးစဉ် ဖော်ဆောင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ တိုးတက်အောင်မြင်လာစေရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ကက်ဘိနက် အစည်းအဝေးခန်း၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် မယ်ဟောင်ဆောင် ခရိုင်ဝန်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများဖြစ်သော နယ်စပ်လမ်းဖွင့်ပွဲ ဆောင်ရွက်မည့်အခြေအနေများ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ခြောက်ညအိပ် ခုနစ်ရက် ခရီးစဉ်ဖော်ဆောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**



# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၂၅၉၅၃ ဦး ဝင်ရောက်လည်ပတ်

**တာချီလိတ် စက်တင်ဘာ ၆**
တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက် လည်ပတ်လျက်ရှိရာ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ် ခရီးစဉ်အဖြစ် စုစုပေါင်း ၂၅၉၅၃ ဦး ဝင်ရောက်လည်ပတ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၅ ရက်အတွင်း ၈၃၈၈၇၈ ဦးရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန တာချီလိတ်ရုံးခွဲတို့မှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်စေရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ် နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၄၅၈၂ ဦး၊ တတိယနိုင်ငံသား(နိုင်ငံခြားသား) ၄၆၈ ဦး၊ တာလေ-လန့်တောင်းဘုရားသို့ ထိုင်းနိုင်ငံသားတစ်ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၄၃ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၈၅၉ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ **ဝေယံလင်း(ပြန်/ဆက်)**



# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အပျော်စီးရေယာဉ်ဖြင့် လာရောက်လည်ပတ်

**နေပြည်တော် စက်တင်ဘာ ၆**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာမှခရီးသွားဧည့်သည်များ လုံခြုံစိတ်ချ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝအလှအပများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ကြည့်ရှုလေ့လာခံစားနိုင်ရန် လေကြောင်း၊ ရေကြောင်းများဖြင့်သာမက နယ်စပ် ဝင်၊ ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ပြည်တွင်းရှိ အပျော်စီးသင်္ဘောများဖြင့်လည်းကောင်း လာရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ကြီးကြပ်မှု Sanctuary Retreats Myanmar Limited ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမေရိကန်နိုင်ငံသားဧည့်သည် ၁၂ ဦးသည် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၄ ရက်အထိ RV Sanctuary Ananda အပျော်စီးရေယာဉ်ဖြင့် ရန်ကုန်-ပုဂံ-ညောင်ဦး-ဆင်တဲ-နွယ်ငြိမ်း-ကြာညှပ်-တကောင်း-ကနီ- ကသာ-ကျောက်ထုံးကြီးရွာ-ဗန်းမော်-မိုးတား-ဆင်ကျွန်း- မင်းကွန်း- စစ်ကိုင်း-မန္တလေး-ရန်ကုန် ခရီးစဉ်များသို့ လည်ပတ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ဒုတိယမြစ်ကျဉ်းသဘာဝအလှအပရှုခင်းများ၊ ရေလုပ်သားတို့၏ လူနေမှုဓလေ့စရိုက် နေထိုင်မှုပုံစံများ၊ ဆင်စခန်း၊ ရိုးရာအိုးလုပ်ငန်းနှင့် ညနေ နေဝင်ဆည်းဆာအလှအပများကို ခံစားသိရှိလို၍ ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်း စသည့်ခရီးစဉ်များကို ပိုမိုလည်ပတ်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

# ဆရီနာဝီလျံနဲ့ အန်ဒရီးစကူးတို့တွေ့ဆုံနေသည့် အမေရိကန်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲ စက်တင်ဘာ ၇ ရက်တွင် ယှဉ်ပြိုင်မည်

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ကျင်းပလျက်ရှိတဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံနဲ့ ကနေဒါတင်းနစ်မယ် အန်ဒရီးစကူးတို့ တွေ့ဆုံနေပြီး အဲဒီဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၇ ရက်မှာ ယှဉ်ပြိုင်ကစားမယ်လို့သိရပါတယ်။


ဆရီနာဝီလျံ

ဆရီနာဝီလျံဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ယူကရိန်း တင်းနစ်မယ် ဗစ်တိုလီနာကို (၆-၃)၊ (၆-၁) နဲ့ အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းလာခဲ့ကာ သမီးငယ်လေးမွေးဖွားခဲ့တဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလနောက်ပိုင်းမှာ ဂရန်းဆလမ်းတင်းနစ်ဆုဖလားကို ပထမဆုံးအကြိမ် အဖြစ်ရယူနိုင်ဖို့ ရည်ရွယ်ထားသူလည်း ဖြစ်ပါတယ်။

ကနေဒါတင်းနစ်မယ် အန်ဒရီးစကူးဟာ ဆီမီးဖိုင်နယ် အဆင့်မှာ ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ်ကို (၇-၆) (၇-၃)၊ (၇-၅) နဲ့ အနိုင်ရရှိပြီး အမေရိကန်အိုးပင်းအမျိုးသမီး တစ်ဦးချင်းတင်းနစ်နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ်ရှိ အန်ဒရီးစကူးဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံကတော့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆုဖလား ခြောက်ကြိမ် အထိ ရယူဆွတ်ခူးထားပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆုဖလား ခုနစ်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆုဖလားသုံးကြိမ်နဲ့ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာ ဆုဖလား ခုနစ်ကြိမ် အသီးသီးရယူဆွတ်ခူးထားသူလည်း ဖြစ်ပါတယ်။ ဆရီနာဝီလျံဟာ လက်ရှိအချိန်အထိ ဂရန်းဆလမ်းတင်းနစ်ဆုဖလားစုစုပေါင်း ၂၃ ကြိမ်အထိ ဆွတ်ခူးထားပြီး အခုယှဉ်ပြိုင်ကစားမယ့်ဗိုလ်လုပွဲစဉ်မှာ အနိုင်ရပြီး ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေသူဖြစ်ပါတယ်။ အမေရိကန်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာ ဆုဖလားရရှိခဲ့မယ်ဆိုရင် ဆရီနာဝီလျံဟာ ဆုဖလားရရှိမှု စုစုပေါင်း ၂၄ ကြိမ်ဖြစ်လာမှာဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်းဂရန်းဆလမ်းပြိုင်ပွဲမှာ ဆုဖလားစုစုပေါင်း ၂၄ ကြိမ်ရရှိထားတဲ့ ဩစတြေးလျတင်းနစ်မယ် မာဂရက်ကော့ရဲ့စံချိန်ကို မီတော့မှာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ပြန်ဖွင့်ပါက ဒိုင်ဘာလာကို ပေါင် ၆၅ သန်းဖြင့် စပါးခေါ်ယူမည်

စပါးအသင်းဟာ လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ပြန်လည်ဖွင့်ပါက ဂျူဗင်တပ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ရဲ့ တိုက်စစ်မှူး ဒိုင်ဘာလာကို ပြောင်းရွှေ့ကြေး ပေါင် ၆၅ သန်းနဲ့ ခေါ်ယူဖို့ ဒုတိယအကြိမ် ကမ်းလှမ်းသွားမှာဖြစ်တယ်လို့ သိရပါတယ်။

စပါးအသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ ဒိုင်ဘာလာကို ခေါ်ယူဖို့နီးစပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် စပါးအသင်းနည်းပြ ပိုချက်တီနိုကတော့ ဒိုင်ဘာလာဟာ သူ့ရဲ့အကြိုက်ဆုံးကစားသမားတွေထဲက တစ်ယောက်လို့ ဆိုပါတယ်။

စပါးအသင်းအနေနဲ့ ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလ အတွင်းမှာ ရောင်းချဖို့ဆုံးဖြတ်ထားတာဖြစ်ပြီး အဲရစ်ဆင်ဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့စီစဉ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် စပါးအသင်းက အဲရစ်ဆင်ကို ရောင်းထုတ်ပြီး ဒိုင်ဘာလာကို ခေါ်ယူဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

ဒိုင်ဘာလာဟာ ၂၀၁၅ ခုနှစ်က ပါလာမိုအသင်းကနေ ဂျူဗင်တပ်အသင်းကို ရောက်ရှိလာတာဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီက ဂျူဗင်တပ်အသင်းအတွက် ၁၀ ဂိုး သွင်းယူပေးခဲ့ပါတယ်။ ဒိုင်ဘာလာဟာ အာဂျင်တီးနားနိုင်ငံ လက်ရွေးစင်အသင်းအတွက်လည်း နိုင်ငံတကာပွဲစဉ် ၂၃ ပွဲ ပါဝင်ကစားပေးထားသူဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်း အတွက်တော့ စုစုပေါင်း ၁၂၉ ပွဲပါဝင်ကစားပေးထားပြီး ၅၇ ဂိုး သွင်းယူပေးထားပါတယ်။

## အနုပညာ



## တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ နှောင့်နှေးနေဦးမယ့် I.O.I

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "I.O.I" ဟာ လာမယ့် အောက်တိုဘာလအတွင်း တေးသီချင်းသစ်တွေကို ပရိသတ်ရှေ့အရောက် ပို့ဆောင်ပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာ အဆိုပါတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ဟာ နှောင့်နှေးနေဦးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" I.O.I" ဟာ လာမယ့် အောက်တိုဘာလအတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားတာ ဖြစ်ပေမယ့် ဒီဇင်ဘာလသို့ ပြောင်းလဲရွှေ့ဆိုင်းလိုက်ကြောင်း စက်တင်ဘာ ၆ ရက်မှာ တရားဝင်အသိပေးခဲ့တာ ဖြစ်ပါတယ်။ ယခင် ထုတ်ဖော်ပြောကြားစဉ်က အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်ပေးသွားမယ့် တေးအယ်လ်ဘမ်မှာ အဖွဲ့ဝင်ကိုးဦးပါဝင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဒီဇင်ဘာလအတွင်း ပြောင်းလဲထုတ်လွှင့်ဖို့ ရည်ရွယ်ပြီးနောက် အဆိုပါတေးအယ်လ်ဘမ်မှာ အဖွဲ့ဝင် ၁၁ ဦးစလုံး ပါဝင်ဖို့ရာရှိနေကြောင်း သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အဆိုပါသတင်းရင်းမြစ်ရဲ့ပြောကြားချက်အရ အခုလို နှောင့်နှေးခဲ့ရတာဟာ " I.O.I" အနေနဲ့ တေးအယ်လ်ဘမ်သစ်ကို အရည်အသွေးအမြင့်မားဆုံးဖြစ်အောင် ကြိုးစားဖန်တီးနေတာကြောင့်ဖြစ်တယ်လို့လည်း သိရပါတယ်။

## တေးဂီတလောကကနေ ခေတ္တအနားယူသွားမယ့် နစ်ကီမင်နဂျ်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ နစ်ကီမင်နဂျ်ဟာ တေးဂီတလောကကနေ ခေတ္တအနားယူဖို့ စဉ်းစားထားကြောင်း၊ လတ်တလောမှာ သူ့ရဲ့ပရိသတ်တွေကို အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် အသိပေးခဲ့ကြောင်း ဂလိုဘယ်နယူးစ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရက်ပ်တေးသံရှင် နစ်ကီမင်နဂျ်က ဒီလိုအနားယူဖို့ရာ စီစဉ်ခဲ့ရတဲ့အကြောင်းရင်းကိုလည်း တစ်ပါတည်း အသိပေးခဲ့ပါတယ်။ သူက မိသားစုဘဝတစ်ခုကို စတင်တည်ထောင်လိုတာကြောင့် တေးဂီတလှုပ်ရှားမှုတွေကနေ အနားယူသွားဖို့ရာ စီစဉ်ခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန်လအတွင်းက ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ရေဒီယိုအစီအစဉ်တစ်ခုဖြစ်တဲ့ "Queen Radio show" မှာ နစ်ကီမင်နဂျ်က သူ့အနေနဲ့ ချစ်သူကန်နီသ်ပတ်တီနဲ့ လက်ထပ်မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ အချို့သော ပရိသတ်တွေကတော့ နစ်ကီမင်နဂျ်ဟာ ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း ခန့်မှန်းပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ရက်ပ်တေးသံရှင်က အရက်သေစာကို လုံးဝမသောက်တော့ကြောင်း ဖွင့်ဟပြောကြားခဲ့ဖူးပါတယ်။

**အေးပြည့် - စုစည်းသည်**

## ဒရမ်မာဇာတ်လမ်းတွဲသစ်မှာ ယောင်ဂျေး ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "B.A.P" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယောင်ဂျေးဟာ ဒရမ်မာဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၆ ရက်မှာ ယောင်ဂျေးရဲ့ ဖျော်ဖြေရေးအေဂျင်စီက ပေါ့ပ်ကြယ်ပွင့်အနေနဲ့ "9.9 Billion Woman" ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ အိုနာရာဟာ "9.9 Billion Woman" မှာ ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီဇာတ်လမ်းတွဲမှာ မင်းသမီး ဂျီယိုဂျန်က ခေါင်းဆောင်အဖြစ်ပါဝင်သွားမှာဖြစ်ပြီး အိုနာရာကတော့ ဂျီယိုဂျန်ပါဝင်ထားတဲ့ ဇာတ်ကောင်ရဲ့ သူငယ်ချင်းအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

"9.9 Billion Woman" ကို လာမယ့် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်ပြသဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း တိုင်းဒေသကြီးအဆင့် သုံးသပ်ဆွေးနွေးပွဲ ပုသိမ်၌ ကျင်းပ



**ပုသိမ် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP, Off -Gird) ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအဆင့် သက်ဆိုင်သူများအားလုံးပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က မြန်မာနိုင်ငံမှာ ကျေးလက်နေလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်မီးသုံးစွဲနိုင်သေးကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) OCB -1,2 တစ်အိမ်သုံးဆိုလာစနစ်နဲ့ မြို့နယ်ပေါင်း ၂၂ မြို့နယ်၊ ကျေးရွာပေါင်း ၈၄၀၊ အိမ်ခြေပေါင်း ၅၄၀၀၀ ကျော်အတွက် မီးလင်းရေးဆောင်ရွက်ခဲ့ပြီဖြစ်ပြီး အများသုံးဆိုလာစနစ်ပေါင်း ၆၅၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အတူ အသေးစားဓာတ်အားစနစ်ဖြင့် ဟင်္သာတမြို့နယ် ရေလယ်သောင်ကျွန်းဦးကျေးရွာနှင့် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ကုမ္ပဏီများက ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ဘားအံမြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးရေး ကွင်းဆင်းစစ်ဆေး

**ဘားအံ စက်တင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးရေးတွင် ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအတွက် စက်တင်ဘာ ၅ ရက် နံနက်၁၀ နာရီက ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစောပြည်သာတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးများသည် နောင်ကမြိုင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ရေသန့်စက်တစ်စုံနှင့် ကျောင်းသား ကျောင်းသူများအတွက် ထိုင်ခုံ၊ စားပွဲ အစုံ ၅၀ အတွက် ငွေကျပ် ၆၆ သိန်းအား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နောင်ကမြိုင်-ပေါ့ထော်လမ်းပိုင်း (ကွန်ကရစ်လမ်း) ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဘားအံမြို့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရေး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသွားလာလည်ပတ်မှုများသော သမိုင်းဝင်မဟာဆဒ္ဒန်ဂူသွားလမ်း (ကွန်ကရစ်လမ်း) ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## အထက(၁) လက်ပံတန်းသို့ ဂျပန်နိုင်ငံမှ ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ လာရောက်




**လက်ပံတန်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ဂျပန်နိုင်ငံ Junko Association မှ ကျောင်းသား ကျောင်းသူများ၏ ဂျပန်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အထက(၁) လက်ပံတန်း၌ ကျင်းပသည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးသန်း၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင်နှင့် ဂျပန်ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကာ ဂျပန်ကျောင်းသူတစ်ဦးက ၎င်းတို့သည် ကျောင်းတက်ရင်း အလုပ်လုပ်ကိုင်၍ ရရှိသောဝင်ငွေဖြင့် ပညာသင်ထောက်ပံ့ကြေးများကို လိုအပ်သည့်နေရာများအား ကူညီထောက်ပံ့ပေးနေမှု အခြေအနေများ၊ Junko ကျောင်းသား ကျောင်းသူများနှင့်အထက(၁) ကျောင်းသားကျောင်းသူများ အပြန်အလှန် စာအဆက်အသွယ် ပေးပို့ရရှိမှုအခြေအနေများနှင့် အားကစားဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက အမှတ်တရလက်ဆောင်တီရှပ်များပေးအပ်ခဲ့ပြီး မြန်မာနှင့် ဂျပန်ကျောင်းသား ကျောင်းသူများက ရိုးရာအကများဖြင့် အပြန်အလှန် ကပြဖျော်ဖြေကြသည်။

အထက(၁)နှင့် Junko Association ဂျပန်ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို ၂၀၀၁ခုနှစ်မှ စတင်၍ နှစ်စဉ်လာရောက်ခဲ့ကြပြီး Junko Scholorship ပညာသင်ဆုကို ယခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## သီတင်းကျွတ်ပွဲတော်ကာလအတွက် မြန်မာ့ရိုးရာမီးပုံးများ လုပ်ကိုင်ရောင်းချ

**မန္တလေး စက်တင်ဘာ ၆**

သီတင်းကျွတ်ပွဲတော်ကာလအတွက် မြန်မာ့ရိုးရာမီးပုံးများကို ကြိုတင်ကာ လုပ်ကိုင်လျက်ရှိပြီး နယ်ဝေးများသို့ တင်ပို့ရောင်းချနေရပြီဖြစ်ကြောင်း မြန်မာ့ရိုးရာမီးပုံးပြုလုပ်သူများထံမှ သိရသည်။

"မီးပုံးတွေကို ဝါဆိုလလောက်ကစပြီး ရောင်းရတာပါ။ နယ်တွေကို အများအားဖြင့် ဝါခေါင်လကနေစပြီး ပို့ပေးရတာ။ မြို့ထဲကတော့ တော်သလင်းလဆို မီးပုံးတွေပို့ပေးရပြီ။ ကုန်ကြမ်းဈေးတွေကတော့ တစ်နှစ်ထက်တစ်နှစ် တက်တက်လာတယ်" ဟု ရိုးရာမီးပုံးလုပ်ကိုင်သူ မကြည်ဌေးက ပြောသည်။

မြန်မာ့ရိုးရာမီးပုံးများကို မဟာအောင်မြေမြို့နယ် ၄၂ လမ်း စိန်ကျော်ကွေ့ ခုံးကျော်တံတားတောင်ဘက် ၈၄၀ ရပ်ကွက်၌ သီတင်းကျွတ်မတိုင်မီကာလများတွင် အများစုလုပ်ကိုင်လျက်ရှိပြီး ရိုးရာမီးပုံးများကို ကျောက်ဆည်၊ စစ်ကိုင်း၊ ရွှေဘို၊ နမ့်ခမ်းနှင့် ဝမ်းတွင်းမြို့များသို့ အများဆုံးတင်ပို့ရောင်းချရပြီး တခြားနယ်ဒေသများသို့လည်း တင်ပို့လျက်ရှိရာ အရွယ်ပုံသဏ္ဍာန်အမျိုးအစားကိုလိုက်၍ မြန်မာ့ရိုးရာမီးပုံးများကို ၁၅၀ ကျပ်မှ ကျပ် ၃၅၀၀ ထိ ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ကြောင်းနှင့် စက္ကူမီးပုံးများကို အလှချိတ်ဆွဲရန်အတွက် ပစ်တိုင်းထောင်၊ လေးထောင့်ပန်းဖွား၊ ဘီလူးမမျက်ကွင်း၊ အန်စာတုံးများအပြင် ကလေးကစားစရာအဖြစ် လေယာဉ်ပျံ၊ ဖော့ခ်ကား၊ ယုန်ရုပ်၊ ဒေါင်းရုပ်နှင့် သဘော်ရုပ် စသည့်မီးပုံးများပြုလုပ်လေ့ရှိကြောင်း သိရသည်။

"ရိုးရာမီးပုံးတွေကို နှစ်စဉ်သင်္ကြန်အပြီးလောက်ကစပြီး ဝါးတွေနဲ့ ပုံကြမ်းလေးတွေ ချိုးနေပါပြီ။ ဝါဆိုလလောက်ဆိုရင်တော့ ချိုးပြီးသားပုံကြမ်းလေးတွေကို မှန်ရောင်စက္ကူတွေ ကပ်တယ်။ ဝါခေါင်လလောက်ကျ အရုပ်တွေကို ဆေးရောင်ခြယ်တာတွေ၊ နေလှန်းတာတွေ လုပ်တယ်။ ပြီးသလောက်မီးပုံးတွေကိုလည်း နယ်တွေကို စပြီးပို့ပေးနေရပြီ။ အခု တရုတ်ကဝင်လာတဲ့ မီးပုံးတွေ လျှပ်စစ်အလှမီးတွေလည်း ပေါ်လာတော့ အရင်ကထက်ဆိုရင် ရိုးရာမီးပုံးတွေက ရောင်းအားတော့ကျတာပေါ့" ဟု ရိုးရာမီးပုံးပြုလုပ်သူ ကိုဖိုးကျော်က ပြောသည်။

မြန်မာ့ရိုးရာမီးပုံးများပြုလုပ်ရာတွင် အဓိကအနေဖြင့် တင်းဝါး၊ မှန်ရောင်စက္ကူ၊ သစ်သားဘီးလုံး၊ ကော်၊ ပိတ်စကြိုးများဖြင့် ပြုလုပ်ရကြောင်း သိရသည်။

**တင်ဇော်လှိုင်**
**(ပြန်/ဆက်)**



## မဲခေါင်-လန်ချန်းစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**ထားဝယ် စက်တင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အစိုးရအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော်မည့် စီမံကိန်းအား မိတ်ဆက်အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Diamond Crown Hotel ၌ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်း ၂၃ ခုကို အဆိုပြုခဲ့ရာမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအောက်မှ ဒုတိယအကြိမ် စီမံကိန်း ၁၂ ခုရွေးချယ်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနက မြန်မာနိုင်ငံမှာရှိသည့် အသေးစား၊ အလတ်စား ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်သောစက်ရုံများမှ မိရိုးဖလာနည်းဖြင့် ထုတ်လုပ်သော ရေထွက်ပစ္စည်းများ၊ အစားအစာ အန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ခြင်းဆိုင်ရာစနစ်များ တိုးတက် အကောင်အထည်ဖော်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၄၉၈ ဒသမ ၈၅၀ ထောက်ပံ့ကြေးငွေရရှိခဲ့ကြောင်း၊ စီမံကိန်းကာလသည် ၂၀၁၉ ခုနှစ် ဇူလိုင်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာအထိဖြစ်ပြီး တိုင်းဒေသကြီးလေးခုအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး တစ်ခုစီတွင် ထုတ်ကုန်အမျိုးအစား ခြောက်မျိုးကို အဓိကထားပြီး အရည်အသွေးကောင်းမွန်မှုနှင့် ဘေးအန္တရာယ်ကင်းမှုဆိုင်ရာစနစ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်က မဲခေါင်-လန်ချန်းစီမံကိန်းနှင့် ပတ်သက်၍ မိတ်ဆက်ဆွေးနွေးတင်ပြပြီး ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းလဲ့က စီမံကိန်း၏ အဓိကထားဆောင်ရွက်မည့် ထုတ်ကုန်ပစ္စည်းနှင့် ထုတ်လုပ်သည့်ဒေသများအား ရွေးချယ်ထားမှုအပေါ် တင်ပြဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

## မူးမြစ်ကူးတံတား(ရေဦး) တည်ဆောက်ရေးလုပ်ငန်း ၂၀ ရာခိုင်နှုန်းပြီးစီး

**ရေဦး စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့တွင် မူးမြစ်ကိုဖြတ်ကျော်တည်ဆောက်လျက်ရှိသော မူးမြစ်ကူးတံတား (ရေဦး)၏ တည်ဆောက်ရေးလုပ်ငန်းများသည် ယခုအခါတွင် လုပ်ငန်းအားလုံး၏ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇေယျာစိုးက ပြောကြားသည်။

မူးမြစ်ကူးတံတား(ရေဦး)ကို တံတားအထူးအဖွဲ့(၂) က တာဝန်ယူတည်ဆောက်နေပြီး တံတားအရှည် ၂၁၂၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေခန့်မှန်း ကျပ်သန်း ၆၀၀၀ ဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့သည်။

၎င်းတံတားအား တည်ဆောက်ပြီးစီးပါက အိန္ဒိယနိုင်ငံနယ်စပ် တမူးမြို့ ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှ ကချင်ပြည်နယ်သို့လည်းကောင်း၊ ရွှေဘိုမြို့မှတစ်ဆင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့အလွယ်တကူဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## YBS ယာဉ်လိုင်းများတွင် e-Ticket အသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်မြို့တွင်ပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် e-Ticket များကို ယခုနှစ်အတွင်း အသုံးပြုနိုင်ရန် ဦးစားပေးကဏ္ဍတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကာလတွင် ခရီးသွားပြည်သူများနှင့် ယာဉ်လိုင်းကုမ္ပဏီများအတွက် ညီညွတ်မျှတသော ယာဉ်စီးခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် ယာဉ်လိုင်းများ၏ ပြေးဆွဲလမ်းကြောင်း အကွာအဝေးများကို တိုင်းတာလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ သိရသည်။

“အခုဆိုရင် ကျွန်တော်တို့က ယာဉ်လိုင်းတွေကို တိုင်းတာမှုတွေပြုလုပ်နေပါတယ်။ သတ်မှတ်ယာဉ်စီးခနှုန်းထားက ခရီးသွားပြည်သူရော ယာဉ်လိုင်းအတွက်ပါ ညီညွတ်မျှတဖို့လိုအပ်ပါတယ်။ အဲဒါကြောင့် အဲဒီအချက်အလက်တွေကို အသေးစိတ်ညှိနှိုင်းတိုင်ပင်နေဆဲဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကုမ္ပဏီဘက်က စက်တွေမှာယူတပ်ဆင်ဖို့ပြင်ဆင်နေပါတယ်။ တကယ်စတင်တပ်ဆင် အသုံးပြုမယ်ဆိုရင် ဘယ်ယာဉ်တွေမှာ အရင်တပ်မလဲ၊ ဘယ်လမ်းကြောင်းတွေမှာ တပ်ဆင်နိုင်မလဲဆိုတာတွေကို ဆွေးနွေးနေပါတယ်” ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်ကပြောသည်။

e-Ticket စနစ်ဖြင့်အသုံးပြုရာတွင် ခရီးသွားပြည်သူများအနေဖြင့် မိမိစတင်စီးနင်းသော မှတ်တိုင်မှသည် ဆင်းသွားသည့်မှတ်တိုင်အထိ ခရီးအကွာအဝေးပေါ်လိုက်၍ ယာဉ် စီးနင်းခကို ကျသင့်မည်ဖြစ်ပြီး ထိုသို့စီးနင်းသည့် ခရီးအကွာအဝေးပေါ်မူတည်၍ ငွေကြေးပိုင်းဖြတ်သတ်မှတ်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရှင်များက တွက်ချက်မှုများလုပ်ဆောင်နေကြောင်း သိရသည်။

“ခရီးသည် အတက်၊ အဆင်းပြုလုပ်တဲ့ခရီးအကွာအဝေးပေါ်မူတည်ပြီး ငွေကောက်ခံ ဖြတ်တောက်ရမှာဖြစ်တဲ့အတွက် ယာဉ်တစ်စီးပေါ်မှာ စက်နှစ်လုံးတပ်ဆင်ရမှာဖြစ်ပါတယ်။ အတက်နေရာနဲ့ အဆင်းနေရာမှာပါ။ ခရီးသည်ကတက်လာတဲ့အခါ e-Ticket နဲ့ အတက် စက်မှာတစ်ကြိမ်စာရင်းသွင်းရမှာဖြစ်ပြီး အဆင်းမှာ ဆင်းမယ့်နေရာက စက်မှာ နောက်ထပ်တစ်ကြိမ် ထပ်မံစာရင်းသွင်းရပါမယ်။ အဲဒီအတက်အဆင်းအကွာအဝေးပေါ်မူတည်ပြီး သတ်မှတ်ထားတဲ့ ငွေကြေးကိုဖြတ်တောက်ကောက်ခံသွားမှာဖြစ်ပါတယ်။ အဲဒီလို ကောက်ခံနိုင်ဖို့အတွက် ဥပမာ တစ်ကီလိုမီတာစီးနင်းရင် ဘယ်လောက်နှုန်းထား သတ်မှတ်ရမယ်ဆိုတာကို ပညာရှင်တွေက တွက်ချက်မှုတွေ လုပ်ဆောင်နေပါတယ်”ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ထိုသို့ e-Ticket စနစ်အား စတင်ကျင့်သုံးသည့်ကာလတွင် e-Ticket ဖြင့် ငွေပေးချေမှုများ ပြုလုပ်နိုင်မည်ဖြစ်သလို လက်ရှိအသုံးပြုနေသည့် ငွေထည့်ပုံးများကို ဖျက်သိမ်းခြင်းမပြုဘဲ အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း၊ အကြောင်းမှာ စတင်အသုံးပြုချိန်တွင် လူတိုင်းကတ်သုံးစွဲရန် အခက်အခဲတချို့ရှိနိုင်ကြောင်း၊ အခက်အခဲဟုဆိုရာတွင် ကတ်မဝယ်ဖြစ်သေးခြင်း၊ ကတ်ဖြင့်စီးနင်းရန် အလေ့အထမရှိခြင်းစသည့် အကြောင်းအမျိုးမျိုးဖြစ်ပေါ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ လက်မှတ်ဝယ်ယူမှုအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် လွယ်လင့်တကူ ဝယ်ယူနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း YRTA မှ သိရသည်။

**ကိုထက်**

## ရှာဖွေကယ်ဆယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**သာယာဝတီ စက်တင်ဘာ ၆**

သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်မီ စနစ်တကျ ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်တွင် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးနှင့်သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက သာယာဝတီမြို့နယ် ဖိုးခေါင်-စံရွှေးကျေးရွာအနီး မြစ်မခမြစ်အတွင်း၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ တက်ရောက်အမှာစကားပြောကြားပြီး သာယာဝတီခရိုင်မီးသတ်ဦးစီးမှူးဦးစန်းဦး ဦးဆောင်သောသန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွာသူရွာသား ၃၅၀ က ရေပြင်မီးငြှိမ်းသတ်ရေး၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ရေပြင်ကူညီကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြသည်။ **သန့်ဇော်(ပြန်/ဆက်)**





**စက်တင်ဘာ ၃ ရက်က ရန်ကုန်မြို့ လသာမြို့နယ် အမှတ် (၈)ရပ်ကွက် ၂၄ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် ရန်ကုန်တိုင်းဒေသကြီး မှူခင်းအသိပညာပေးယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်က ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောစဉ်။**

မီးမီး(လှိုင်)

## အရေးပေါ်ကယ်ဆယ်ထောက်ပံ့နိုင်ရန် ဖိုင်ဘာလှေငါးစင်း မြိတ်မြို့သို့ရောက်ရှိ

**မြိတ် စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်သည် မိုးများသော ခရိုင်တစ်ခုဖြစ်ပြီး မိုးတွင်းကာလများ၌ တောင်ကျရေကျရောက်မှုများ၊ မြစ်ရေ၊ ချောင်းရေလျှံမှုများ ဖြစ်ပွားကာ ယခုနှစ်တွင် နေရာအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

မြိတ်ခရိုင်အတွင်း ရေကြီးရေလျှံမှုများတွင် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဖိုင်ဘာလှေငါးစင်း စက်တင်ဘာ ၄ ရက်က မြိတ်မြို့သို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိုင်ဘာလှေငါးစင်းကို ဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာတွင် အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုသွားမည်ဖြစ်ပြီး မြို့နယ်မီးသတ်စခန်း၌ ယာယီထားရှိကာ မြို့နယ်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်ချိုက ပြောကြားသည်။

ဖိုင်ဘာလှေမှာ အရှည် ၂၃ ပေ၊ အကျယ် သုံးပေ၊ အမြင့် တစ်ပေခွဲရှိကာ မြင်းကောင်ရေ ၁၃ ကောင် Honda အမျိုးအစားအင်ဂျင်တပ်ထားပြီး ဖိုင်ဘာလှေငါးစင်း၏တန်ဖိုးမှာ စုစုပေါင်းငွေကျပ် ၉၇၅၀၀၀၀ ရှိကြောင်း မြိတ်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

SNN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အဖြစ်အစဥ် (1.8.2019 မှ 30.9.2019) အတွင်း
ငွေကျပ်(၅) သိန်းနှင့်အထက် ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်းများဝယ်ယူအားပေးသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို ဘောလုံးရွှေတလက်(၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၁၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၄၆၀၀၀၊ ၅၃၉၅၁၀၂ ၅၂၃၀၀၀
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၀၀၀၂

M
# မြရတနာ
ပရိဘောဂ
ငွေကျပ် ရှသိန်းဖိုးနှင့်အထက် ဝယ်ယူသူများအတွက်
ချက်ချင်းဝယ် ချက်ချင်းပေါက်
ဗလာမပါ ကံစမ်းမဲ လက်ဆောင်
ထပ်ဆင့်လက်ဆောင်အနေနဲ့ !
TV
မွေ့ရာ
ရေခဲသေတ္တာ
☎ 09-773300220, 09-773300770
ဆိုင်(၂) အမှတ်(၁၈၅/၁၈၇)၅၂ လမ်းထောင့် ဗိုလ်တထောင်မြို့နယ်ရန်ကုန်။
ဆိုင်(၃) အမှတ်(၈၇)သခင်မြနှင်းလမ်း တာမွေမြို့နယ်ရန်ကုန်။
ဆိုင်(၄) အမှတ်(၃၅/ဘီ)ဆေးတင်ဆေးယာလမ်း ရန်ကင်းမြို့နယ်ရန်ကုန်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်အတွက် ဒီဇယ်ဆီ(၄၈၀၀၀)ဂါလန်၊ ရန်ကုန်အတွက် ဒီဇယ်ဆီ(၇၈၀၀)ဂါလန် စုစုပေါင်းဒီဇယ်ဆီ(၅၅၈၀၀)ဂါလန်နှင့် နေပြည်တော်အတွက် ဓာတ်ဆီ(အောက်တိန်း)(၁၈၀၀၀)ဂါလန်ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံများရောင်းချမည့်ရက်- ၆-၉-၂၀၁၉ ရက်
တင်ဒါပိတ်မည့်ရက် - ၇-၁၀-၂၀၁၉ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇၃၄၁၀၂၀၉၊ ၀၆၇၃၄၁၀၂၈၂**

**မတည်ငွေရင်းလျှော့ချပြီးကြောင်းကြေညာခြင်း**
**(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)**
**ပုဒ်မ-၁၁၆(ဈ)အရ)**

Myanmar Payment Solution Services Company Limited ၏ ၃၀-၈-၂၀၁၉ ရက်တွင် ကျင်းပပြုလုပ်သောကုမ္ပဏီ၏ အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေရင်းအား-

မူလကျပ် ၁,၀၀၀/-တန်၊ အစုရှယ်ယာ(၁,၀၀၁,၀၀၀)စု ကျပ်သန်း(၁,၀၀၁)မှ ယခု အစုရှယ်ယာ(၇၈၈,၀၀၀)စုဖြင့် ကျပ်သန်း(၇၈၈)သို့ လျှော့ချပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar Payment Solutions Services Co.,Ltd**
**ဖုန်း-၀၁-၂၂၃၀၅၁၆၆**







YANGON INTERNATIONAL LIFESTYLE FURNITURE FAIR
၂၀၁၉ ခုနှစ်-စက်တင်ဘာလ (၁၂) ရက်နေ့ မှ (၁၆) ရက်နေ့ အထိ (၅)ရက်တိုင်တိုင် ကျင်းပသွားပါမည်
သီတင်းကျွတ်အကြို ပရိသောဂပြပွဲကြီး
တပ်မတော်ခန်းမ
LUCKY DRAW
Platinum Sponsored by
Casabella
Gold Sponsored by
SWEETY HOME
INHOUSE
NEWLOOK
URBAN
Z&T
စုစုပေါင်းကျပ်(၁၀)သိန်းဖိုး ဝယ်ယူသူတိုင်း တံစမ်းမဲတစ်စောင် ရရှိနိုင်မည့်အခွင့်အရေး
Organized by : Thousand Islands Business Group


PUN HLAING SILOAM HOSPITALS
သင့်အတွက်
ဘေးကင်းလုံခြုံစိတ်ချရသော နိုင်ငံတကာအဆင့်မီ ကျန်းမာရေး စောင့်ရှောက်မှု
လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးဝန်ဆောင်မှုများ
ပြည်တွင်း ပြည်ပ အထူးကုဆရာဝန်ကြီးများနှင့်(၂၄)နာရီ ပြသနိုင်သော ဆေးရုံ
24 HOUR EMERGENCY
013684411
ဆက်သွယ်ရန် - ရန်ကုန် (01) 368 4323, 368 4325, 368 4336, (09) 421 042 679
facebook


Visit
The Industrial & Infrastructure Event for Myanmar
CONSTRUCTION, POWER & MINING Myanmar
RE
mta MYANMAR
SUBCON MYANMAR
9-11 October 2019 (09.00-17.00 hrs.)
Myanmar Expo (ME)
Fortune Plaza, Corner of miranda Road and Thumana Road, Thaketa, Yangon
Pre-register at: reg.ubmmyanmar.com Info Hotline: +95 1378 975
MCEA
informa markets


SAMSUNG
SAMSUNG ရေခဲသေတ္တာ နှင့် အဝတ်လျှော်စက်
LUCKY DRAW
Promotion
28th Aug to 28th Sept 2019
မိုးရာသီကာလအတွင်း Samsung အိမ်သုံးပစ္စည်းများဝယ်ယူပြီး Lucky Draw အစီအစဉ်ကြီးတွင် ပါဝင်လိုက်ပါ...
65" QLED 8K TV
samsungmyanmar
samsung.com/mm
samsungmembers


SGH CAR TRADING
အိမ်သုံးကား၊လုပ်ငန်းသုံးကား၊မြေသယ်ကားများကို လက်ငင်း (သို့) အရစ်ကျ စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
အမှတ်(၅၃၁)၊မာလာမြိုင်လမ်းသွယ်၊လှည်းတန်း(AGD ဘဏ်ဘေး)၊တာမွေမြို့နယ်။ ph: 09-955030336,09-784551277
အမှတ်(၄၂၃)၊အောက်ကြည့်မြင်တိုင်လမ်း၊အလုံမြို့နယ်၊ရန်ကုန်မြို့။ Ph: 01-220502,09-785030336
အမှတ်(၂၆)၊ကျောက်ကုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ရန်ကင်းမြို့နယ်။ ph:09-765030336
သာယာဝတီမင်းကြီးလမ်း × ၆၆လမ်းထောင့်၊ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။Ph:09-257590372,09961510108,09797934012,09787555537

## ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ

တေရသမကြိမ်မြောက် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့၌ ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်မှ (၅)ရက်အထိ (၂၀၂၀၊ ဇန်နဝါရီလ (၁၂)ရက်မှ (၁၄)ရက်အထိ) (၃)ရက်တိုင်တိုင် ကျင်းပ၍ ပြာသိုလပြည့်ကျော် (၈)ရက်၊ ဇန်နဝါရီလ (၁၇)ရက်နေ့တွင် စာအောင်ဘွဲ့နှင်းသဘင်ကို သထုံမြို့ကျက်သရေဆောင် သုဝဏ္ဏဘူမိသာသနာ့ ဗိမာန်တော်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ အောက်ပါသတ်မှတ်ချက်များနှင့်အညီ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို တန်ဆောင်မုန်းလပြည့်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း တင်သွင်းနိုင်ပါသည်။ ယခုနှစ် စာမေးပွဲဝင်ခွင့် လျှောက်လွှာများကို သတ်မှတ်လျှောက်လွှာပုံစံဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်လျှောက်လွှာပုံစံ မရရှိသေးသူများ အတွင်းအရေးမှူးထံ ဆက်သွယ်၍ တောင်းယူနိုင်ပါသည်။

ပထမဆင့် – ရဟန်း၊ သာမဏေ၊ သီလရှင် မည်သည့်ပုဂ္ဂိုလ်မဆို အသက်ကန့်သတ်ချက်မရှိ ဖြေဆိုခွင့်ရှိပါသည်။

ဒုတိယဆင့် – ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ပထမဆင့်အောင်မြင်ပြီးပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။

တတိယဆင့် – ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ ဒုတိယဆင့်အောင်မြင်ပြီးပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။


သတ်မှတ်လျှောက်လွှာပုံစံ (A4)

■ **ဆက်သွယ်ရန်လိပ်စာ**

အတွင်းရေးမှူး

ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကျင်းပရေးအဖွဲ့

အမှတ်(၃၄၃)၊ ဘုံကျောင်းလမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့။

■ **ဆက်သွယ်ရန်ဖုန်း**

၀၅၇-၅၀၁၉၄၊ ၀၅၇-၅၀၁၈၀၊ ၀၉-၉၇၀၄၂၀၂၆၆

၀၉-၇၉၂၉၈၄၄၂၂၄၊ ၀၉-၂၆၈၅၉၉၈၆၀၃၊ ၀၉-၉၆၈၉၆၂၆၆၂


Asia Dragon (အာရှနဂါး)

ကျိုက်ထီးရိုး ◆ ရွှေသောင်ယံ ◆ ငွေဆောင်

09 799 100 100, 09 797 100 100, 09 500 500 50, 09 500 500 90

တရုတ် | ENGLISH Conversation Practice


စကားပြောရုံပဲဆိုရင် (တရုတ်)မှာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang

ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636

09 420230133








ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# စစ်ကိုင်းတိုင်းဒေသကြီးမှ ဖရဲ၊ သခွားစိုက်တောင်သူများ အရှုံးအမြတ်ချိန်ဆနေရသည့်အဖြစ်နှင့် ကြုံနေရ



ယမန်နှစ်က စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသည့် သခွားမွှေးသီးများ တင်ပို့ရန် ထုပ်ပိုးနေသည်ကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၆**

ဖရဲ၊ သခွားစိုက်နေကြသည့် တောင်သူများအနေဖြင့် အရှုံးအမြတ်ကို ချိန်ဆနေရသည့်အဖြစ်နှင့် ကြုံနေရသည်ကို သတိပြုစေချင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

“ဖရဲ၊ သခွားစိုက်တောင်သူတွေအနေနဲ့ မြတ်ရင်လည်းမြတ်တယ်။ ရှုံးရင်လည်း ခွက်ခွက်လန်အောင်ရှုံးတာ။ ဒီကြားထဲ ရာသီဥတုပြဿနာ၊ ဈေးကွက်ပြဿနာ၊ နယ်စပ်ပြဿနာ၊ မျိုးစေ့ပြဿနာ၊ အပင်ဆေးပြဿနာ၊ လုပ်သားပြဿနာ စတာတွေက မရိုးနိုင်အောင်ဖြစ်နေကြတာ။ တောင်သူတွေက ညောင်သီးစားရင်း လေးသံနားထောင်နေကြရတဲ့အဖြစ်မျိုး ကြုံနေကြရတာပါ။ အခုနှစ်အတွက် စက်တင်ဘာလမှာ စစိုက်နေကြပြီ။ နိုဝင်ဘာလလောက်မှာ အသီးထွက် ဈေးကွက်ပို့နိုင်ပြီပေါ့”ဟု ဦးစိုးလွင်က ပြောသည်။

**အထူးသတိထား**

ပြည်တွင်း၊ ပြည်ပဖြစ်စဉ်များနှင့် တိုးတက်ပြောင်းလဲမှု သတင်းအချက်အလက်များအပေါ် မျက်ခြည်မပြတ်ခြင်းနှင့်အတူ ဖရဲ၊ သခွားစိုက်ဧကကို မိမိအရှုံးခံနိုင်သော ပမာဏထက် ချဲ့ထွင်မလုပ်မိစေရန် အထူးသတိထားဆောင်ရွက်သင့်ကြောင်း ရှင်းပြသည်။

လမ်းပိတ်ဆို့မှုကြောင့် ဆုံးရှုံးရသောရေထွက်ပစ္စည်း၊ ကဏန်း၊ ငါးရှဉ့်၊ မိုးဖရဲ စသော ပို့ကုန်များနှင့် သွင်းကုန် ပန်းသီး၊ လိမ္မော်သီး၊ မက်မွန်သီး၊ စပျစ်သီးနှင့် သစ်တော်သီးများ စသည့် ပုပ်ကုန်ကုန်စိမ်းများ၏တန်ဖိုး များစွာဆုံးရှုံးကြရကြောင်း သိရသည်။ သစ်သီးပို့ကုန်ရာသီမဟုတ်၍ ဖရဲသီးအနည်းငယ်သာ ပျက်စီးမှုရှိခဲ့ကြောင်း သစ်သီးပို့ကုန်ရာသီတွင် ယခုကဲ့သို့ အကျပ်အတည်းဖြင့် ရင်ဆိုင်ရလျှင် အဆုံးအရှုံးပမာဏ ကြီးမားနိုင်ကြောင်း ဦးစိုးလွင်က သုံးသပ်ပြောသည်။

**မျိုးဝင်းထွန်း**

# ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၆**

၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၆ အသင်းတွင် နည်းပြချုပ်အဖြစ် -ဦးမင်းသူ၊ လက်ထောက်နည်းပြများအဖြစ် ဦးဘိုဘိုအောင်၊ ဦးတင်မောင်ဝင်း၊ ဂိုးနည်းပြအဖြစ် ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် **ဂိုး**- ထက်အာကာဝင်း၊ အောင်ကျော်ဖြိုး (မြန်မာဘောလုံးအကယ်ဒမီ-မန္တလေး)၊ အောင်စည်သူ (မြန်မာဘောလုံး အကယ်ဒမီ-ပုသိမ်)၊ ဟံသာလင်း (မန္တလေး)၊ **နောက်တန်း**- ထူးမြတ်ခန့်၊ ထွန်းထွန်းဝင်း၊ ကောင်းထက်ပိုင်၊ ကောင်းခန့်ကျော်၊ စိုင်းစိုင်းအုံ့ထူး၊ ကျော်ကျော်လင်း (မြန်မာဘောလုံးအကယ်ဒမီ- မန္တလေး)၊ လာဘ်ဝေဘုန်း (အဖွဲ့ချုပ် လူငယ်)၊ မိုးခန့်၊ ကောင်းခန့်၊ ဝေယံလင်းသူ (မြန်မာဘောလုံးအကယ်ဒမီ-ပုသိမ်)၊ **အလယ်တန်း**- ထက်အောင်ဝင်း၊ ကောင်းဇော်လင်း (တပ်မတော်ဘောလုံးအကယ်ဒမီ)၊ ထက်မြတ်လွင်၊ ကျော်မင်းခန့်၊ မင်းသူ၊ အောင်သီဟပိုင်၊ ရန်နိုင်ထွန်း (မြန်မာဘောလုံးအကယ်ဒမီ- မန္တလေး)၊ **ရှေ့တန်း**- သန်းတိုးအောင်၊ ဝေဘုန်းမြင့်ကျော်၊ အောင်ပြည့်ဖြိုး၊ ဇင်မျိုးအောင် (မြန်မာဘောလုံးအကယ်ဒမီ- မန္တလေး)၊



မြန်မာ ယူ-၁၆ အသင်း လေ့ကျင့်နေစဉ်။

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ✻

ကြေးမုံ သတင်းအညွှန်း

**ပြိုကွဲနေတဲ့ ကမ္ဘာ့ငွေကြေးစနစ် ဘာဖြစ်မယ်ဆိုတာ မသေချာ** ဆောင်းပါး စာမျက်နှာ » ၆

**အမေရိကန်က ယူကရိန်းသို့ ဒေါ်လာသန်း ၂၅၀ တန်ကြေးရှိ လုံခြုံရေးအကူအညီ ပံ့ပိုးကူညီမည်** စာမျက်နှာ » ၁၃

**ရန်ကုန်မြစ်အတွင်း သင်္ဘောတစ်စင်း ရေဝင်နစ်မြုပ်မှုဖြစ်ပွား** စာမျက်နှာ » ၁၄

**YBS ယာဉ်လိုင်းများတွင် e-Ticket အသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်** စာမျက်နှာ » ၂၂

